# ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ပြာသိုလကွယ်၊ တနင်္လာနေ့၊ (19-1-2015) (၈၀၉၀)


## ချမ်းသာစွာနေရ၏

သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။

မကောင်းသဖြင့် မကျင့်ရာ၊ သူတော်ကောင်းတရားကို ကျင့်သော သူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ချမ်းသာစွာ နေရ၏။

ဓမ္မပဒ (၁၆၉)

# မဟာဇေယျသုခ လောကချမ်းသာစေတီတော် ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၈**

မဟာဇေယျသုခလောကချမ်းသာစေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် လုံးတောကျေးရွာရှိ အဆိုပါစေတီတော် ပရိဝုဏ်အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညိုသည်။

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စိန်ဖူးတော်ကို စေတီတော်တွင် တင်လှူပူဇော်ရန် စတင်ပင့်ဆောင်စဉ်။**
(သတင်းစဉ်)

အဆိုပါ မင်္ဂလာအခမ်းအနားသို့ မန္တလေးမြို့ ငွေတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနိတ အမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးမောင်မြင့်၊ ဦးအေးမြင့်၊ ဦးသန်းဌေး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# ဆည်မြောင်းတာတမံတည်ဆောက်ခြင်းလုပ်ငန်းများသည် မြန်မာ့လူ့အဖွဲ့ အစည်းဖွံ့ဖြိုးတိုးတက်တည်မြဲရေးအတွက် များစွာအရေးပါ



**မိတ္ထီလာ ဇန်နဝါရီ ၁၈**

ဤကမ္ဘာမြေပေါ်တွင် နေထိုင်ကြသော လူ၊ တိရစ္ဆာန်၊ အပင်များ ရှင်သန်ရပ်တည်မှုအတွက် ရေသည် အရေးကြီးဆုံး အရာဖြစ်သည်။ ထို့အပြင် လူ၊ တိရစ္ဆာန်၊ အပင်များအားလုံးအတွက် ပဓာနကျသော ရိက္ခာ၊ အာဟာရများကို ထုတ်လုပ်ရယူနိုင်ရန်မှာ ရေသည်အခြေခံအကျဆုံး လိုအပ်ချက်တစ်ခုဖြစ်သည်။ လူသားတို့သည် မိမိတို့အသက်ရှင်နေထိုင်နိုင်ရန် မြေ၊ ရေ စသည့် အခြေခံလိုအပ်ချက်များအတွက် စစ်ပွဲများ ဆင်နွှဲခဲ့ရသည်ကို ကမ္ဘာ့သမိုင်းတွင်လည်းကောင်း၊ ယခုမျက်မှောက်ခေတ်တွင်လည်းကောင်း အထင်အရှား တွေ့မြင်နိုင်ပါသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

**မုန်တိုင် ရေလှောင်တမံ၏ ရေပေးတူးမြောင်း၊ ရေထုတ်မြောင်းနှင့် သစ်တောများကို တွေ့ရစဉ်။**




**ကြေးမုံစာတည်းရှုထောင့် ၁၉-၁-၂၀၁၅၊ တနင်္လာနေ့**

# စာပေချစ်သူများ ပေါင်းစည်းအား

မြန်မာစာပေကို နိုင်ငံတကာတွင် ဂုဏ်သိက္ခာကြီးစွာဖြင့် ဝင့်ထည်စွာ ရပ်တည်နိုင်ရေးအတွက် အလွန်အရေးကြီးသော တက်လှမ်းမှုတစ်ခုဖြစ်သည့် နိုဘယ်-မြန်မာစာပေပွဲတော်ကြီးသို့ နိုင်ငံတော်သမ္မတက ဂုဏ်ယူဝမ်းမြောက်စွာဖြင့် သဝဏ်လွှာပေးပို့ခဲ့သည်။ စာပေသည် နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာဝင့်ထည်နိုင်သဖြင့် မြန်မာစာပေမြင့်မားတိုးတက်ရေးကိုရှေးရှုပြီး နိုင်ငံတော်သမ္မတက အားပေးမြှင့်တင်ပေးနေသည်။

နိုင်ငံတစ်နိုင်ငံ၏ စာပေအဆင့်အတန်းသည် ထိုနိုင်ငံ၏လူ့အဖွဲ့အစည်းအခြေအနေနှင့် ထိုနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်ပေါ်လွင်စေသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရမည့်စံနှုန်းအမျိုးမျိုးရှိသည်။ ထိုစံနှုန်းတိုင်းတာမှုကို မည်သည့်နည်းဖြင့် တိုင်းတာသည်ဖြစ်စေ ပြည်သူလူထုသို့ ကျယ်ကျယ်ပြန့်ပြန့်အသိမပေးနိုင်လျှင် တိုင်းတာမှုသည် အရာထင်မည်မဟုတ်ချေ။ တစ်နည်းဆိုလျှင် သိပ္ပံပညာနှင့် နည်းပညာထွန်းကားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော်လည်း အသိပညာနှင့်သက်ဆိုင်သည့်စာပေယဉ်ကျေးမှု ထွန်းကားခြင်းမရှိခဲ့လျှင် ဦးနှောက်ရှိပြီးနှလုံးသားမရှိသော လူ့အဖွဲ့အစည်းနှင့်တူပေမည်။ နှလုံးသားကင်းမဲ့သော လူ့အဖွဲ့အစည်းတွင် အကျည်းတန်အရုပ်ဆိုးမှုများ ရံဖန်ရံခါတွေ့ရတတ်သည်။ ယင်းအခြေအနေကို တိုးတက်ပြီး ချမ်းသာကြွယ်ဝသည့် နိုင်ငံအချို့၏ဖြစ်စဉ်များက သက်သေပြလျက်ရှိသည်။

ထို့ကြောင့် စာပေကို ငြိမ်းချမ်းရေးလူသားဆန်မှုနှင့် အသိဉာဏ်၏ ပင်မအရင်းအမြစ်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက မိန့်ကြားခဲ့သည်။ မြန်မာ့လူ့အဖွဲ့အစည်း၏ မျှော်မှန်းချိတက်မှုမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ ပွင့်လင်းသောလူ့အဖွဲ့အစည်းတစ်ရပ် ပိုင်ဆိုင်နိုင်ရန်အတွက် ဒီမိုကရေစီအနှစ်သာရတစ်ရပ်ဖြစ်သည့် လွတ်လပ်စွာတွေးတောခွင့်၊ ရေးသားဖော်ထုတ်ခွင့်မှာ အဓိကကျသည့်လုပ်ငန်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စာပေလွတ်လပ်ခွင့်အတွက်များစွာဆောင်ရွက်ပေးခဲ့ပြီး ယနေ့ကာလတွင် မြန်မာနိုင်ငံသည် စာပေလွတ်လပ်ခွင့် မြင့်မားနေသည့် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိနေပြီဖြစ်သည်။

ထိုအခြေအနေကို ထိထိရောက်ရောက် မှန်မှန်ကန်ကန်အသုံးချ၍ မိမိတို့လူ့အဖွဲ့အစည်းအတွက် အတွေးအခေါ်ရင့်ကျက်မှုနှင့် နှလုံးသားပြည့်ဝမှုကို အားပေးသည့်စာပေများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာပေချစ်မြတ်နိုးသူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ လက်ရှိတွင် ခေတ်ပြိုင်နိုင်ငံတကာစာပေများ မြန်မာနိုင်ငံတွင် ထွန်းကားရေးနှင့် မြန်မာ့လူ့အဖွဲ့အစည်းကို ဖော်ကျူးသည့်စာပေများ နိုင်ငံတကာသို့ပျံ့နှံ့ရောက်ရှိရေးမှာ မြန်မာစာပေလောကအတွက် လိုအပ်ချက်များရှိနေသေးသည်။ သို့သော် မြန်မာနိုင်ငံတွင် ခေတ်ပြိုင်စာပေများ စတင်ပျံ့နှံ့လာသည်ကို တွေ့ရသည်။

မြန်မာလူမျိုးစာရေးဆရာများနှင့် မြန်မာနိုင်ငံအကြောင်းရေးသားထားသည့် သုတ၊ ရသနှင့် နိုင်ငံရေးစာပေများ နိုင်ငံတကာစာပေမျက်နှာစာသို့ စတင်ရောက်ရှိလာပြီး အသိအမှတ်ပြုလက်ခံလာကြသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် မြင်တွေ့ကြားသိနေရသည်။ ထိုအခြေအနေကောင်းများကို ဆက်လက်ရှင်သန်စေပြီး မြန်မာစာပေကို နိုင်ငံတကာစာပေတွင် အဆင့်အတန်းတစ်ခုသို့ ခိုင်ခိုင်မာမာရရှိလာအောင် ဆက်လက်ကြိုးပမ်းရမည်မှာလည်း စာပေချစ်မြတ်နိုးသူများအားလုံး၏ သမိုင်းပေးတာဝန်ပင်ဖြစ်သည်။

နိုင်ငံအတွက် အဓိကလိုအပ်ချက်မှာ ယနေ့မြန်မာနိုင်ငံနှင့် မြန်မာ့လူ့အဖွဲ့အစည်း၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအောင်မြင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အထောက်အကူပြုမည့်စာပေများ ပိုမိုပေါ်ထွက်ပျံ့နှံ့လာရေးပင်ဖြစ်သည်။ ထိုရည်မှန်းချက်ကို နိုဘယ်-မြန်မာစာပေပွဲတော်က ဖော်ဆောင်ပေးမည်ဖြစ်၍ စာဖတ်သူများ အတွေးအမြင်၊ ဗဟုသုတကြွယ်ဝခြင်းနှင့် သဘောထားကြီးခြင်းတို့ ဖြစ်ထွန်းစေပြီး ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအတွက် ကြီးမားသောအထောက်အပံ့ကို ဖြစ်စေမည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ရာ နိုဘယ်-မြန်မာစာပေပွဲတော်မှသည် စာပေချစ်သူများအားလုံးပေါင်းစည်းကာ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးအတွက် လူသားအားလုံးကို ကြီးစွာအထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။ ။

# အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေးအထောက်အကူပြု ဖြည့်စွက်အစာဆိုင်ရာ ထုတ်ကုန်ပစ္စည်းလုပ်ငန်းအဖွဲ့ အစည်းအဝေးများ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေးအထောက်အကူပြုဖြည့်စွက်အစာဆိုင်ရာ ထုတ်ကုန်ပစ္စည်းလုပ်ငန်းအဖွဲ့ ကြားဖြတ်အစည်းအဝေးများဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ရှိ ဟိုတယ်ရွှေပြည်သာ၌ ကျင်းပသည်။**(ယာပုံ)**

ဖွင့်ပွဲအခမ်းအနား၌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် အာဆီယံနိုင်ငံများ၏ တိုင်းရင်းဆေးနှင့် ကျန်းမာရေးအထောက်အကူပြု ဖြည့်စွက်အစာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ၏ စံအရည်အသွေးများကို သက်ဆိုင်ရာနိုင်ငံများ၏ အမျိုးသားအဆင့် အကြံပြုချက်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းရင်းဆေးကောင်စီ ဥပဒေနှင့် တိုင်းရင်းဆေးဝါးဥပဒေများကိုလည်း ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံစံချိန်စံညွှန်းအတိုင်း အာဆီယံနိုင်ငံများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေးအထောက်အကူပြု ဖြည့်စွက်အစာဆိုင်ရာ ထုတ်ကုန်ပစ္စည်းလုပ်ငန်းအဖွဲ့ ကြားဖြတ်အစည်းအဝေးများအတွင်း အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေး အထောက်အကူပြု ဖြည့်စွက်အစာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ၏ စံအရည်အသွေးများ တစ်ပြေးညီ သတ်မှတ်ညှိနှိုင်းရေး (၂၆)ကြိမ်မြောက်အစည်းအဝေး၊ အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေးအထောက်အကူပြုဖြည့်စွက်အစာများ၏ GMP စံများအား တစ်ပြေးညီဖြစ်စေရန် သတ်မှတ်ရေး (၁၉)ကြိမ်မြောက်အစည်းအဝေး၊ အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေး အထောက်အကူပြု ဖြည့်စွက်အစာများကို အာဆီယံနိုင်ငံများအချင်းချင်း မှတ်ပုံတင်ရေးအတွက် စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများ (၁၉)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးများကို ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေးအထောက်အကူပြု ဖြည့်စွက်အစာဆိုင်ရာအဖွဲ့(AAHSA)မှ ကိုယ်စားလှယ်များ၊ အာဆီယံဆိုင်ရာ တိုင်းရင်းဆေးထုတ်လုပ်သူများအဖွဲ့ (AATMI)မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဇန်နဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ငါးရက်ကြာ ကျင်းပမည်ဖြစ်သည်။

တိုင်းရင်းဆေးနှင့် ကျန်းမာရေး အထောက်အကူပြု ဖြည့်စွက်အစာဆိုင်ရာ အာဆီယံနိုင်ငံများအဆင့် သဘောတူညီချက်ကို ၂၀၁၅ ခုနှစ် အကုန်တွင် လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း သိရသည်။

**(နိုင်ဌေးအောင်)**





ရန်ကုန်တိုင်းဒေသကြီး မြို့ပတ်ရထားလမ်းတစ်လျှောက်တွင် သံလမ်းဖြတ်ကျော်ကာ စည်းကမ်းမဲ့ လမ်းကူးသူများကြောင့် ရထားအန္တရာယ်မဖြစ်စေရန် ကာရံမှုများပြုလုပ်နေသည်ကို ဇန်နဝါရီ ၁၈ ရက်က တွေ့ရစဉ်။ (ဖဇဝ)






## ပြည်တွင်းရေးရာ

❂ **ရွှေဖုံးမှ**

ရှေးဦးစွာ နိုင်ငံတော်သမ္မတက မန္တလေးမြို့ ငွေတောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနိတထံ လျှုဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားကို ကျင်းပရာ ဘုရားဒါယကာများဖြစ်ကြသည့် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်ပရိသတ်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်လျက် စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို မင်္ဂလာရထားပျံဖြင့် ထုံးတမ်းအစဉ်အလာများနှင့်အညီ အစီအစဉ်အတိုင်း တင်လှူပူဇော်ကြသည်။

မင်္ဂလာအချိန်တွင် မန္တလေးမြို့ ငွေတောင်ကျောင်းတိုက် ဆရာတော် အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များက ဇယမင်္ဂလာ အောင်ဂါထာတို့ကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို အဆိုပါ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ မန္တလေးမြို့ ငွေတောင်ကျောင်းတိုက် ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ ငွေတောင်ကျောင်းတိုက် ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဓမ္မာရုံသစ်၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**(အောက်ပုံ)**

မဟာဇေယျသုခ လောကချမ်းသာ စေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနား ပထမနေ့အစီအစဉ်များကို ယမန်နေ့ နံနက် ၈ နာရီခွဲက အဆိုပါ စေတီတော်ပရိဝုဏ်အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့ပြီး ဌာပနာတော်သွင်းခြင်းကို ထုံးတမ်းအစဉ်အလာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။

ယနေ့ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပခဲ့သည့် မဟာဇေယျသုခ လောကချမ်းသာစေတီတော်သည် ဉာဏ်တော်အမြင့် ၈၁ ပေရှိကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ရွာကြီးကျေးရွာအုပ်စု လုံးတောကျေးရွာ၌ တည်ရှိပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ဦးဆောင်၍ စေတနာရှင် ဘုရားဒါယကာ ဒါယိကာမများ၏ လှူဒါန်းမှုတို့ဖြင့် တည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**





မဟာဇေယျသုခ လောကချမ်းသာ စေတီတော် စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်စဉ်။ **(သတင်းစဉ်)**

## ချင်းတိုင်းရင်းသားအများစုနေထိုင်ရာ နန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည်

**ကလေး ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ချင်းတိုင်းရင်းသားအများစုနေထိုင်ရာ နန်းချောင်းကျေးရွာတွင် နိုင်ငံတော်မှ ငွေကျပ် သိန်း ၃၀၀ ဖြင့် ကျေးရွာ၏ လူမှုရေး၊ စီးပွားရေးတိုးတက်မြင့်မားစေရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုဆောင်ရွက်ရတဲ့ မျှော်မှန်းချက်တွေက ကျေးရွာမှာအလုပ်အကိုင်အခွင့်အလမ်းနဲ့ မိသားစုဝင်ငွေတိုးပွားလာစေဖို့၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းနှင့်စားနပ်ရိက္ခာဖူလုံလာစေဖို့၊ ကျေးလက်အခြေခံအဆောက်အအုံများ တိုးတက်ပြောင်းလဲလာတာနဲ့အမျှ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အားကောင်းလာစေဖို့၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တွေ တိုးတက်လာတာနဲ့အမျှ စုပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်တွေဖြစ်ပေါ်လာစေဖို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုဆောင်ရွက်ရခြင်းဖြစ်ပါတယ်"ဟု ကျေးလက်မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မျိုးကပြောသည်။

"နိုင်ငံတော်ကနေပြီး ကျေးလက်နဲ့မြို့ပြ ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် ချေးငွေတွေပေးအပ်ပြီး ဆင်းရဲမှုလျှော့ချရေးကို ဆောင်ရွက်နေပါတယ်။ နောက်ပြီး ၂၀၁၃ ခုနှစ်မှစ၍ နိုင်ငံတော်အစီအစဉ်နဲ့ မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကလေးမြို့နယ်အနေနဲ့ မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖြစ် နန်းချောင်းကျေးရွာတစ်ရွာဆောင်ရွက်ခွင့်ရတာ ကျေးရွာဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက ပြောသည်။

"မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်နိုင်ဖို့ ကော်မတီတွေ ဖွဲ့စည်းပြီးပါပြီ။ ကော်မတီတွေကနေပဲ လိုအပ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်သွားမှာပါ။ စိုက်ပျိုးရေးမှာလည်း ခေတ်မီစိုက်ပျိုးရေးဖြစ်ရေး လယ်ယာသုံးစက်ကိရိယာတွေကို ဝယ်ယူနိုင်ရေး ကူညီဆောင်ရွက်သွားဖို့ရှိပါတယ်"ဟု မြစိမ်းရောင်ကျေးရွာအဖွဲ့ဝင်တစ်ဦးကပြောသည်။

**(လင်းလက်ကြယ်စင်)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**ချောင်းဆုံ ဇန်နဝါရီ ၁၈**

မွန်ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီပထမပတ်က ချောင်းဆုံမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် စိတ်တိုင်းကျကုမ္ပဏီမှတာဝန်ယူဆောင်ရွက်နေသော ကညော်-ကော့မုမွန် လမ်းပိုင်းအား ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး မှာကြားသည်။

အဆိုပါ လမ်းပိုင်းသည် (၃/၃) မိုင်ရှည်လျားပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၀/၇) မိုင်အား ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၆၃ ဒသမ ၆၈ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကျေးလက်ဦးစီး)**

## ဆောတွင် အချိန်အခါမဟုတ် မိုးရွာသွန်း

**ဆော ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်တွင် ဇန်နဝါရီ ၁၄ ရက်က အချိန်အခါမဟုတ် မိုးရွာသွန်းကြောင်းနှင့် မိုးရွာသွန်းသဖြင့် အဆိုပါဒေသတွင် ဆောင်းကာလစိုက်ပျိုးသည့် ကြက်သွန်ဖြူ မြေပဲနှင့် ပန်းမျိုးစုံစိုက်ခင်းများအတွက် အဆင်ပြေသွားကြောင်း သိရသည်။

"ဒီနှစ်မိုးရာသီမှာ မိုးနည်းခဲ့တယ်လေ၊ ဆောင်းသီးနှံကတော့ စောစောစိုက်နိုင်တာပေ့ါ။ သီးနှံတွေကို ရေသွင်း၊ ရေလောင်းပြီးစိုက်ရတယ်၊ မိုးရွာလာတော့ ရေသွင်း၊ ရေတင်ခ၊ ရေလောင်းငှားရမ်းခတွေ သက်သာသွားတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။ **(၄၆၅)**






# မိမိဒေသ၏ လက်တွေ့ဘဝ လိုအပ်ချက်များကို စိတ်ရင်းစေတနာမှန်ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရန် ဟန်ချက်ညီညီ ဝိုင်းဝန်းကြိုးပမ်း



**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီးများ၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင်တပ်မတော်ရဟတ်ယာဉ်ဖြင့် လဟယ်မြို့မှ ဒုံဟီးမြို့သို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ရာ ဒုံဟီးမြို့နယ်ခွဲအုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသခံကျေးရွာကိုယ်စားလှယ်များက ကျေးရွာများအတွက် လိုအပ်ချက်များကိုလည်းကောင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကျေးရွာများမှ တိုင်းရင်းသားကိုယ်စားလှယ်များအား စောင်၊အဝတ်အထည်၊ Sky Net ရုပ်သံဖမ်းစက်၊ အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ပန်ဆောင်မြို့သို့ရောက်ရှိပြီး အမြင့် ၁၀၈ ပေရှိ ရွှေတိဂုံပုံတူစေတီတော် တည်ထားကိုးကွယ်ရန်အတွက် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ယင်းနောက် ပန်ဆောင်မြို့(၁၆)ခုတင်ဆံ့ပြည်သူ့ဆေးရုံဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ကျေးရွာများမှ တိုင်းရင်းသားကိုယ်စားလှယ်များအား စောင်၊ အဝတ်အထည်၊ Sky Net ရုပ်သံဖမ်းစက်၊ အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။ ဆက်လက်၍ အိန္ဒိယနှင့် မြန်မာနယ်စပ်ရှိ နယ်ခြားမှတ်တိုင်အား ကြည့်ရှုစစ်ဆေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် နန်းယွန်းမြို့သို့ရောက်ရှိကြပြီး အထွေထွေအုပ်ချုပ်ရေးရုံးခန်းမ၌ ဒေသခံများ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် နာဂတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် တွေ့ဆုံပြီး ဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ယခုကဲ့သို့ လာရောက်ရခြင်းဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အမြဲတမ်းကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံး၏ တူညီသောဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအသီးသီးတွင် ကြိုးပမ်းတည်ဆောက်လျက်ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအသီးသီးသည် အစိုးရဝန်ထမ်းများနှင့်ဒေသခံမြို့မိမြို့ဖများကို အခြေခံ၍ ဖွဲ့စည်းထားခြင်းဖြစ်၍ မိမိဒေသ၏ လက်တွေ့ဘဝလိုအပ်ချက်များကို စိတ်ရင်းစေတနာမှန်ဖြင့် မိမိတို့မြို့နယ်၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် ဟန်ချက်ညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ လက်ရှိချမှတ်ကျင့်သုံးလျက်ရှိသော ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေး မူဝါဒအရ မြို့နယ်ကော်မတီအသီးသီးမှ ကော်မတီဝင်များသည် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းပြီး ဒေသအကျိုးရှိမှုအပေါ် မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးလုပ်ငန်းအစီအစဉ်များသတ်မှတ်ထားရန် လိုအပ်ကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားလိုအပ်ချက်များကို အဓိကထား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရည်ရွယ်ပြီး ဦးစားပေးလုပ်ငန်းစဉ်(၇)ရပ်အဖြစ် လျှပ်စစ်မီး၊သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစသည့် ကဏ္ဍများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နန်းယွန်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံကျေးရွာကိုယ်စားလှယ်များက ကျေးရွာများအတွက် လိုအပ်ချက်များကိုလည်းကောင်း အသီးသီးတင်ပြကြရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းသည်။

ထို့နောက် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအား ရှင်းလင်းတင်ပြကြရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကျေးရွာများမှ တိုင်းရင်းသားကိုယ်စားလှယ်များအား စောင်များ၊ အဝတ်အထည်များ၊ Sky Net ရုပ်သံဖမ်းစက်များ၊ အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေများ အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လယ်ဝေးမြို့နယ်အတွင်း ပြည်သူဗဟိုပြု ရဲလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်သူဗဟိုပြုရဲလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး စိုးမင်းသန့် အနီးကပ်ကြီးကြပ်လျက် လယ်ဝေးမြို့မရဲစခန်းပိုင် နယ်မြေအတွင်း လှည့်ကင်းနယ်မြေများ ပိုင်းခြားသတ်မှတ်ကာ ယာဉ်တင်လှည့်ကင်း၊ ဆလွန်းယာဉ်မီးတန်းကားလှည့်ကင်း၊ ဆိုင်ကယ်လှည့်ကင်းနှင့် စက်ဘီးလှည့်ကင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက် ရှိရာတွင် မြို့မရဲစခန်းမှူး ဒုရဲမှူး စိုးမင်းသိန်း ဦးဆောင်သောစက်ဘီး လှည့်ကင်းအဖွဲ့သည် လယ်ဝေးမြို့ပေါ်ရပ်ကွက်များတွင် ကင်းလှည့် ဆောင်ရွက်မှုနှင့်အတူ ပြည်သူများနှင့် တွေ့ဆုံကာ မှုခင်းအသိပညာပေး ပြောကြားခြင်း၊ အရေးပေါ်အခြေ အနေများတွင် ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံး၊ မီးသတ်စခန်း၊ ရဲစခန်းတို့နှင့် အချိန်မီ ဆက်သွယ်သတင်းပေးပို့ရန် အသိပေး ပြောကြားခဲ့ပြီး ပြည်သူလူထုမှ မေးမြန်းဆွေးနွေးချက်များကို ပြန်လည် ဖြေကြား ရှင်းလင်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကို(ပျဉ်းမနား)**

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်နှင့် ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းအစည်းအဝေးတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်နှင့် မြို့နယ်တရားသူကြီးများက မိမိတို့ရုံးဌာနအလိုက် တရားစီရင်ရေး ဆိုင်ရာနှင့် စီမံခန့်ခွဲရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး၊ တရားရေးဦးစီးမှူး၊ ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများ တက်ရောက်ကြကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**

■

# လှိုင်သာယာပြည်သူ့ဆေးရုံကြီး၌ အခမဲ့ကွင်းဆင်းကုသဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်နေ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့ဝင်း၊ မြို့ နယ်မိခင် နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါ တို့၏ညှိနှိုင်းမှု အရ အင်းစိန်ပြည်သူ့ဆေးရုံကြီးမှ အထွေထွေရောဂါအထူးကု ပါရဂူများ၊ ခွဲစိတ်ပါရဂူများ၊ မျက်စိအထူးကုဆရာဝန်ကြီးများ၊ မြန်မာတိုင်းရင်းဆေးအဖွဲ့များ သည် ဇန်နဝါရီ ၁၇ ရက် နံနက် ၈ နာရီက လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံ ကြီး၌ အခမဲ့ကွင်းဆင်းကုသမှုဆောင်ရွက်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ခင်ရူပါစိုးနှင့် ဆေးရုံကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်ပေါင်း ၂၀၊ ကျေးရွာ အုပ်စု ကိုးအုပ်စုမှ လူနာများအား စနစ်တကျကုသမှုခံယူနိုင်ရေး စီမံဆောင်ရွက်ပေးကြကြောင်း သိရသည်။

**(၃၂၉)**

MPC
မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)
♦ သင်ဖတ်နေသော သတင်းများသည် မှားယွင်းသောဖော်ပြချက်တွေလား?
♦ သင်ဖတ်နေသော သတင်းများသည် မခိုင်မာသောကိုးကားချက်တွေ ထည့်သွင်းထားသလား?
♦ မီဒီယာမှာဖော်ပြမှုကြောင့် သင့်၏သိက္ခာထိခိုက်နေပါသလား?
စာဖတ်သူများက နစ်နာမှုနှင့် မကျေနပ်မှု တစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာ သတင်းဌာန (သို့မဟုတ်) မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ထံသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။
မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)
အမှတ်(၉၀၂)၊ ၉-လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၈၀၂၆၃၂၆၊ အီးမေးလ် mmpresscouncil@gmail.com

# အနမတဂ္ဂ ဆုံးစမထင် သဘာဝတက္က ကြံဆတီထွင်



ကျွန်ုပ်သည် ငယ်ရွယ်နုပျိုစဉ် ကျောင်းသားဘဝက Drone ဟူသော ဝေါဟာရကို ဝိဂြိုဟ်ပြုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်အရ "ပျားထီး၊ တဝီဝီမြည်သံ၊ ငြီးငွေ့ဖွယ် အဟောအပြော၊ ပျင်းစရာကောင်းသော မြည်သံ" ဟူ၍ မှတ်သားခဲ့ရဖူးလေ၏။

လောကတစ်ခွင်တစ်ပြင်ကို ရှုလတ်သော် ထူးခြားဆန်းကြယ်လှသည့် သတ္တလောကအတွင်း ပျားထီးကဲ့သို့သော သတ္တဝါတစ်မျိုးမှာ ဇီဇအရ တစ်မူထူးခြားလှ၏။ ပျားလောကတွင် ပျားထီးကြီးသည် လုပ်သားပျားများနှင့် မတူကွဲပြားစွာ ပျားဘုရင်မကြီး မျိုးပွားနိုင်စေရေးအတွက် ဖိုသဘာဝအရ ကူညီစောင်မလေသည်။

သိပ္ပံအမည်နာမအရ Anthophila ဟုခေါ်တွင်သော ပျားကို သဘာဝမြတ်မိခင်က ပျံသန်းနိုင်သော အင်းဆက်ပိုးမျိုးအဖြစ် ဖန်တီးထားသည်ဟု ကျွန်ုပ်တွေးမိသည်။ နကျယ်ကောင်နှင့် တူသယောင်ယောင်၊ ပုရွက်ဆိတ်နှင့် တူသယောင်ယောင် ကိုယ်လုံးကိုယ်ဖန်ရှိပြီး လေထဲဝဲပျံနိုင်သော ပျားပိတုန်းများသည် အကောင်ငယ်သော်လည်း အလုပ်ကြိုးစားသည့် သတ္တဝါတစ်မျိုးအဖြစ် ကျွန်ုပ်သတိမူမိသည်။ ဝတ်မှုန်ကူးခြင်း၊ ပျားရည်ထုတ်လုပ်ခြင်းနှင့် ပျားဖယောင်းဖန်တီးခြင်း အခန်းကဏ္ဍကို သူတို့တာဝန်ယူကြသည်။

သိပ္ပံရေးရာ လေ့လာမှုနယ်ပယ်ကို ချဲ့ထွင်လျက်ရှိကြကုန်သော ယနေ့ကာလ၌ လောကဓာတ်သိပ္ပံဆရာကြီးများက ပျား၏မျိုးရိုးဗီဇ ထူးခြားချက်များကို အသုံးချကာ လူသားအကျိုး သယ်ပိုးနိုင်ရန် အပတ်တကုတ် အားထုတ်လျက်ရှိကြသည်ဟု Mental Floss အမည်ရှိ အမေရိကန်မဂ္ဂဇင်းတစ်စောင်တွင် ရေးသားဖော်ပြထားလေသည်။

ပျားဆိပ်သည် အိပ်ချ်အိုင်ဗွီပိုးရပ်ပိုးကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း၊ ပျားဆိပ်သည် လူ့ခန္ဓာ ရောင်ရမ်းမှု တိုက်ဖျက်ပေးသော ဟိုမုန်းဓာတ်ကို တိုးပွားစေခြင်းကြောင့် အဆစ်ရောင်ကိုက် လေးဖက်နာသမားများ နာကျင်မှု သက်သာစေရန် ပျားအဆိပ်လူးကုထုံး(ပျားတုပ်ကုထုံး) ပေါ်ပေါက်လာဖွယ်ရှိကြောင်း၊ လုပ်သားပျားများသည် ဟေမန္တ(ဆောင်း) ဥတုတွင် ကိုးလကြာမျှ အသက်ရှင်သန်ကြသော်လည်း ဂိမန္တ(နွေ) ဥတုတွင် ရက်သတ္တခြောက်ပတ်ထက် ကျော်လွန်၍ အသက်ရှည်လေ့မရှိကြကြောင်း၊ သို့ရာတွင် လုပ်သားပျားများသည် မရဏ သေခြင်းတရားကို တွေ့ကြုံရချိန်အထိ အလုပ်လုပ်ကိုင်ကြလေ့ ရှိကြောင်း၊ ကင်းထောက်ပျားများသည် စားရေရိက္ခာ အရင်းအမြစ်သစ်များကို ရှာဖွေပေးကြပြီး စစ်သည်ပျားများမှာမူ ယင်းတို့၏ ဘဝတစ်သက်တာလုံး ကင်းလှည့်စောင့်ကြပ်မှုများကို ပြုလုပ်ပေးကြကြောင်း၊ ပျားလုလင်ပျိုများက လုပ်ဆောင်လေ့ရှိသည့် အလုပ်ကို ပျားအိုကြီးများက ဝင်ရောက်လုပ်ဆောင်သည့်အခါ ပျားအိုကြီး၏ ဦးနှောက်သည် အိုမင်းရင့်ရော်သော အဆင့်ရပ်တန့်သွားကြောင်း၊ ပျားများသည် ပျားအုံတည်ဆောက်ရာတွင် အခိုင်အခံ့ဖြစ်စေရေးအတွက် အမြဲစိမ်းသစ်ပင်များမှ ရရှိသော သစ်စေးတစ်မျိုးကို အသုံးပြုပြီး တည်ဆောက်ကြကြောင်း၊ ပျားအုံ၏ ကော်ဓာတ်သည် အအေးမိနာ၊ လည်ချောင်းနာစသည့် ရောဂါဘယများ ပျောက်ကင်းစေနိုင်သော ဂုဏ်သတ္တိများ ပါဝင်ကြောင်း သုတေသန လေ့လာချက် သဗ္ဗရန် အမျိုးမျိုးကို ကိုးကားလျက် ယင်းမဂ္ဂဇင်းတွင် ရေးသားထားလေသည်။

သိပ္ပံပညာရှင်များက ပျား၏ ဝိသေသဂုဏ်ရည်တို့ကို ဆည်းပူးလေ့လာနေကြချိန်တွင် နည်းပညာရှင်များက 'Drone" ဟုခေါ်တွင်သော မောင်းသူမဲ့ လေယာဉ်ငယ်များကို တီထွင်ထုတ်လုပ်လျက်ရှိကြကုန်၏။

ဒရုန်းတက်ခနိုလော်ဂျီ ပီပီပြင်ပြင် ပေါ်ထွန်းလာချိန်ကို ဆန်းစစ်သော် ဒုတိယကမ္ဘာစစ် နောက်ပိုင်းကာလမှ စတင်သည်ဟု ကျွန်ုပ်မှတ်သားမိလေသည်။ လေယာဉ်ပစ် ဒုံးလက်နက်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးရာတွင် ရေဒီယိုဖြင့် ထိန်းချုပ်သော ဒရုန်းလေယာဉ်ငယ်များကို အသုံးပြုခဲ့သည်ဟု ဆိုသည်။

ခေတ်မီဆန်းပြားသော UAV (Unmanned Aerial Vehicle) (ခေါ်) မောင်းသူမဲ့ လေယာဉ်များကို ၁၉၅၀ ပြည့်လွန်နှစ်များမှစ၍ သုတေသနပြု တီထွင်ထုတ်လုပ်လာခဲ့ကြသည်ဟု ကျွန်ုပ်လေ့လာမှတ်သားဖူး၏။ ကင်းထောက်ပျံသန်းခြင်းနှင့် ထောက်လှမ်းရေးသတင်းအချက်အလက်များ စုဆောင်းနိုင်ရန် ရည်ရွယ်၍ ယင်းလေယာဉ်များကို တည်ဆောက်ခဲ့ကြသည်။

ဒရုန်းတက်ခနိုလော်ဂျီဆိုင်ရာ သတင်းအဖြာဖြာကို ကျွန်ုပ်ဖတ်ရှုရသည့်အခါ လေကြောင်းနည်းပညာ၏ သမိုင်းမှတ်တိုင်တစ်ခုကို ပြန်ပြောင်းသတိရမိလေသည်။ ယင်းမှာ ၁၉၀၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ရိုက်ညီနောင်နှစ်ဦးက လေကြောင်းပျံသန်းမှုဆိုင်ရာ စမ်းသပ်ချက်တစ်ရပ် ပြုလုပ်ခြင်းဖြစ်သည်။

Orville Wright နှင့် Wilbur Wright တို့သည် မြို့ပြလေကြောင်း ရှေ့ဦးတီထွင်သူများအဖြစ် မော်ကွန်းဝင်ခဲ့ကြလေပြီ။

ရိုက်ညီနောင်တို့သည် ၎င်းတို့၏ ဖခင်ကြီးက လက်ဆောင်အဖြစ်ပေးသည့် ပျံသန်းနိုင်သော အရုပ်ကလေးတစ်ရုပ်ကို စိတ်ဝင်စားခဲ့ကြရာမှ အစတည်ကာ နောင်တွင် တီထွင်သူများဖြစ်လာကြသည်။ ကိုယ်ထည်ကို စက္ကူဖြင့် ပြုလုပ်ထားပြီး ဖော့၊ ဝါးတို့နှင့်အတူ သမှုဟပြု ပေါင်းစုထားသော အရုပ်ကို ပျံသန်းစေရန် တွန်းကန်အား ဖန်တီးရာတွင် ရော်ဘာကွင်းများကို အသုံးပြုသည်။

စက်ယန္တရားများနှင့် ပျံသန်းမှုတို့ကို စိတ်ဝင်စားကြသူ ရိုက်ညီနောင်သည် ပျိုမျစ်နုနယ်သော ကျောင်းသားအရွယ်မှာပင် စွန်(လေတံခွန်) များပြုလုပ်ကာ ကျောင်းသားကလေးများကို ရောင်းချပေးပြီး မိဘများအတွက် ဝင်ငွေရှာဖွေ ပေးခဲ့ကြသည်ဆို၏။

ငှက်များ ပျံသန်းပုံကို သူတို့လေ့လာခဲ့ကြသလို စက်များလည်ပတ်ပုံကို သူတို့စူးစမ်းခဲ့ကြသည်။ စက်မှုနည်းပညာလေ့လာမှု၌ အထုံအစွဲကောင်းသော ရိုက်ညီနောင်သည် ပုံနှိပ်စက်တစ်လုံးကို ဒီဇိုင်းပုံစံထုတ်ကာ အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သည့်အပြင် စက်ဘီးတည်ဆောက်ရေး အလုပ်ရုံတစ်ရုံကိုလည်း ထူထောင်ခဲ့ကြသည်။

ယနေ့ကာလ၌ ဒရုန်းလေယာဉ်ငယ်များသည် နိုင်ငံတကာ အရုပ်ဈေးကွက်အတွင်းသို့ပါ ဝင်ရောက်လာခဲ့လေပြီ။ တရုတ်နိုင်ငံ အထူးအုပ်ချုပ်ခွင့်ရဒေသ ဟောင်ကောင်၌ အာရှတိုက်၏ အကြီးကျယ်ဆုံးသော အရုပ်နှင့် ဂိမ်းပွဲတော်ကို ဇန်နဝါရီ ၁၃ ရက်က စတင်ဖွင့်လှစ်ခဲ့ရာတွင် ဒရုန်းအရုပ်များ ရေပန်းစားလျက်ရှိကြောင်း စီစီတီဗွီသတင်းဌာနက ထုတ်လွှင့်ခဲ့လေသည်။

အရုပ်ပွဲတော်တွင် ဒရုန်းအရုပ်များ လွှမ်းမိုးနေခြင်းကြောင့် ၂၀၁၅ ခုနှစ်သည် ဈေးချိုသော ဒရုန်းအရုပ်များ ရေပန်းစားမည့် နှစ်အဖြစ် သတင်းသမားများက ရှေ့ဖြစ်ဖတ်ကာ ရေးသားခဲ့ကြသည်။

ဗြိတိန်နိုင်ငံတွင် ပြီးခဲ့သည့် ခရစ္စမတ်ရာသီက ဒရုန်းအရုပ်များ ရေပန်းစားခဲ့ရာ အစိုးရက မြို့ပြလေကြောင်း ဥပဒေအရ တားမြစ်ပိတ်ပင်ရသည်အထိ သဲသဲအုတ်အုတ်ဖြစ်ခဲ့ရသည်ဟု ကျွန်ုပ်ဖတ်ရှုခဲ့ရလေသည်။

ဒရုန်းတက်ခနိုလော်ဂျီသည် စစ်ရေးနယ်ပယ်အတွင်းသို့လည်း ဝင်ရောက်လာခဲ့ပြီး တိုက်ခိုက်ရေး အခန်းကဏ္ဍ၌ပါ ပါဝင်လာသည်။ လက်နက်တပ်ထားသော ဒရုန်းကို 'ဝေဟင်တော်ပီဒို' ဟူ၍ တင်စားခဲ့ကြပြီး အမေရိကန် စီအိုင်အေက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဒရုန်းစစ်ပွဲကို ဆင်နွှဲခဲ့ခြင်းနှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်း၌ ကန့်ကွက်သံများ သောသောညံခဲ့၏။

အမေရိကန် 'Predator' ဒရုန်းလေယာဉ်တစ်စင်း တည်ဆောက်မှုစရိတ် ဒေါ်လာ ၄ ဒသမ ၅ သန်း၊ ပိုမိုအဆင့်မြင့်သည့် 'Reaper' ဒရုန်းလေယာဉ်တစ်စင်း တည်ဆောက်စရိတ် ဒေါ်လာ သန်း ၃၀ ခန့်အထိ ရှိလေသည်။ အင်းဆက်ပိုးအရွယ်မှသည် လေယာဉ်တစ်စင်း အရွယ်အထိ ဒရုန်းလေယာဉ်အမျိုးမျိုးကို တီထွင်လျက်ရှိကြကုန်၏။

အမေရိကန် စီအင်န်အင်န်ဂြိုဟ်တုရုပ်မြင်သံကြားဌာနသည် သတင်းစုဆောင်းသည့်လုပ်ငန်း၌ ဒရုန်းလေယာဉ်စမ်းသပ်အသုံးပြုရန် ပြည်ထောင်စု မြို့ပြလေကြောင်းဌာနနှင့် ဇန်နဝါရီ ၁၂ ရက်တွင် သဘောတူညီချက်ရရှိခဲ့သည်ဟု သိရှိရသည်။

အနမတဂ္ဂ ဆုံးစမထင်သည့် လောကီနယ်ပယ်၌ သဘာဝ၏ ဂုဏ်အင်္ဂါများအပေါ် အခြေခံကာ တက္ကနည်း (ယုတ္တိနည်း) ဖြင့် ကြံဆမှုများနှင့် တီထွင်မှုများကို မနုဿလူသားတို့ ပြုလုပ်လာခဲ့ကြသည်မှာ ယခုအခါ နုပျိုလန်းဆန်းဆဲ ၂၁ ရာစုအတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ပြီတကား။ ။

---



## ပြင်သစ်သရော်မဂ္ဂဇင်းအရေး နိုင်ဂျာကူးစက်

**နိုင်ဂျာ၊ ဇန်နဝါရီ ၁၈**

နိုင်ဂျာနိုင်ငံတွင် သရော်ပုံဖော်ပြထားသည်နှင့်ပတ်သက်ပြီး ပြင်သစ်သရော်မဂ္ဂဇင်းတစ်စောင်ကိုကျေနပ်မှုမရှိကြောင်း ဆန္ဒထုတ်ဖော်ကြသူများနှင့် လုံခြုံရေးရဲအရာရှိများအကြား နှစ်ရက်အကြာအဓိကရုဏ်းဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၀ဦး သေဆုံးခဲ့ကြောင်း နိုင်ဂျာသမ္မတကပြောသည်။

မြို့တော်နီယာမေနှင့် ဇင်ဒါမြို့များတွင် ဖြစ်ပွားခဲ့သောဆန္ဒပြမှုများတွင် အာဏာပိုင်များက ဒေသခံများ၏ တွေ့ဆုံဆွေးနွေးရန် လူစုဝေးခြင်းကို တားမြစ်ပိတ်ပင်ခဲ့ပြီးနောက် ဒေသခံများက မကျေမနပ်ဖြစ်ကာ ခရစ်ယာန်ဘုရားကျောင်းများကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။ ရဲအရာရှိများက မျက်ရည်ယိုဗုံးများအသုံးပြုပြီး လူစုခွဲခဲ့သည်။ ရဲစခန်းတစ်ခုနှင့်ရဲကားနှစ်စီးမီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည်။

"သရော်တာတွေကို မကြိုက်လို့ဆန္ဒပြတယ်"ဟု ဆန္ဒပြသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ပြောသည်။

နိုင်ဂျာရှိပြင်သစ်နိုင်ငံသားများကို အပြင်သို့မထွက်စေရန် ပြင်သစ်သံရုံးက ၎င်း၏ ဝက်ဘ်ဆိုက်ပေါ်တွင် သတိပေးပြောကြားထားသည်။ **ရိုက်တာ။**


### မွေးနေ့ဆုတောင်း

ချစ်ဇနီး ဒေါ်ယမင်းထွန်း၏ ၁၉-၁-၂၀၁၅ရက်တွင် ကျရောက်သော (၃၈)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း ၁၀၀တိုင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝလမ်းခရီးကို လျှောက်လှမ်းနိုင်ပါစေ။

ချစ်ခင်ပွန်း - ဦးအောင်ကျော်ကျော်
ချစ်သမီး - မသွန်းအိမ်စဉ်







### (၄၁)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည် ဆုတောင်းလွှာ

၁၉-၁-၂၀၁၅ရက်တွင် ကျရောက်သော ချစ်ဖေဖေ ဦးမြင့်ဦး (စီမံထူးချွန်၊ တတိယဆင့်)နှင့် ချစ်မေမေ ဒေါ်သန်းသန်းနွဲ့ (လူမှုထူးချွန်၊ တတိယဆင့်)တို့၏ မင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် သာယာပျော်ရွှင်သောဘဝခရီးကို လျှောက်လှမ်းသွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားများ၊ သမီးများ၊ မြေးများ
**M.O Group Construction Co.,Ltd**

# အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး အရည်အသွေးပြည့်ဝသည့်စီမံခန့်ခွဲမှုစနစ်

*သုတစိုး(B.D.I.C)*

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) သည် အရည်အသွေးပြည့်ဝသည့် စီမံခန့်ခွဲမှုစနစ် (ISO 9001:2008 Quality Management System) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၏ Meeting Room 2 ၌ ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ Training & Workshop အလုပ်ရုံဆွေးနွေးပွဲကို Global Fund ၏အစီအစဉ်ဖြင့်ကျင်းပခဲ့ပါသည်။ ထိုဆွေးနွေးပွဲကို ပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်သည် အရည်အသွေးပြည့်ဝသည့် စီမံခန့်ခွဲမှုစနစ်ကို အခြေခံပြီး ISO 17025:2005 စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ကာ ကမ္ဘာ့နိုင်ငံအသီးသီးရှိ တခြားသော ဓာတ်ခွဲစမ်းသပ်ခန်းများမှ FDA ဓာတ်ခွဲ ခန်း၏စမ်းသပ်မှုရလဒ် (Results) များကို အသိအမှတ်ပြု လက်ခံလာစေရန်ဖြစ်ပါသည်။

သင်တန်းမစခင်ကတည်းက သင်တန်းဆရာက သူတစ်ဦးတည်း ပြောခြင်းထက် အပြန်အလှန်ဆွေးနွေးမေးမြန်းကြရန် ဖိတ်ခေါ်ခဲ့ပါသည်။ ထိုသင်တန်းကိုတက်ရောက်သူ ၂၀၊ လေ့လာသူ (Observers) ခြောက်ဦးနှင့် အကူအညီပေးသူ (Facilitator) အဖြစ် ကျွန်တော်အပါအဝင် ငါးဦး အပြင် (U.S Pharmacopeia) မှ Country Consultant ဒေါက်တာလူလူကျော်တင်ဦးတို့ တက်ရောက်ကြပါသည်။ သင်တန်းအစပိုင်း၌ အရည်အသွေးပြည့်ဝသည့် စီမံခန့်ခွဲမှုစနစ်စတင်ဖြစ်ပေါ်လာသည့် သမိုင်းကြောင်းနှင့် ၎င်းစနစ်၌ မရှိမဖြစ်လိုအပ်သည့် ပုဒ်မခွဲများအကြောင်းကို အောက်ပါအတိုင်းရှင်းပြ ခဲ့ပါသည်။

ISO (အိုင်ဆို)သည် International Organization for Standardization (စံချိန်စံညွှန်းသတ်မှတ်ရေးအတွက် ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း)တစ်ခုဖြစ်ပါသည်။ ISO သည် ဂရိဘာသာစကားမှ ဆင်းသက်လာပြီး ၎င်း၏အဓိပ္ပာယ်မှာ equivalence (တူညီခြင်း၊ ညီမျှခြင်း)ဟု အဓိပ္ပာယ်ရပါသည်။ ထိုအဖွဲ့အစည်းကို ၁၉၄၇ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ စတင်ဖွဲ့စည်းခဲ့ပါသည်။ ထိုအဖွဲ့အစည်းကို ဖွဲ့စည်းရသည့် အဓိကရည်ရွယ်ချက်မှာ စီးပွားရေးလုပ်ငန်းများ၊ သိပ္ပံနှင့်နည်းပညာရပ်ဆိုင်ရာ ကိစ္စများအပါအဝင် ကုးသန်းရောင်းဝယ်မှုများနှင့် ဝန်ဆောင်မှုကဏ္ဍများ၌ စံချိန်စံညွှန်းသတ်မှတ်သည့် လုပ်ဆောင်ချက်များအား ကူညီပံ့ပိုးပေးရန်ဖြစ်ပါသည်။ နောက် ISO စနစ်နှင့်ပတ်သက်သည့် အခြားသိရှိရန် အချက်များဖြစ်သည့် ဥပမာ ISO 9001:2008 ဆိုလျှင် ရှေ့မှ ISO 9001 သည် စနစ် (Scheme) ဖြစ်ပြီး ထိုစနစ်၏လိုအပ်ချက်များဖြစ်သည့် (Regulatory, Statutory and Customer Requirement) ဥပဒေအရလိုအပ်ချက်များနှင့် ဝယ်ယူသူများ၏ လိုအပ်ချက်များစသည့် လိုအပ်ချက်များအတိုင်း ပြည့်မီအောင် လိုက်နာလုပ်ဆောင်ရသည့် စီမံခန့်ခွဲမှုစနစ်တစ်ခုဖြစ်ပါသည်။ 2008 သည် ထိုစနစ်ကို အတည်ပြုထားသည့်ခုနစ် (Version) ဖြစ်ပြီး ပြောင်းလဲသည့် (update) လုပ်သည့် ခုနှစ်ပေါ်မူတည်၍ အပြောင်းအလဲရှိပါသည်။ ISO 9001:2008 စနစ်ကို မည်သည့်လုပ်ငန်းအမျိုးအစား၌မဆို အသုံးပြု၍ရပါသည်။

ISO 9001:2008 စနစ်နှင့်ကိုက်ညီစေရန် လိုအပ်ချက် ပုဒ်မခွဲများအရ အနည်းဆုံး မဖြစ်မနေလိုက်နာလုပ်ဆောင်ရန် -

၁။ Control of Documents(စာရွက်စာတမ်းများထိန်းသိမ်းခြင်း) ကိစ္စ၌ သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းလုပ်ဆောင်မှုများအတွက် လက်စွဲစာအုပ်ရေးသားခြင်း၊ အသုံးပြုနေသည့် စက်ပစ္စည်းများအား အသုံးပြုပုံနည်းစနစ်များကိုရေးသားထားခြင်းနှင့် လုပ်ဆောင်မှုစနစ်၏ အဆင့်တိုင်း၌လိုအပ်သည့်မှတ်တမ်းများအတွက် ဖောင်ပုံစံ (Form) များ ပြုစုထားခြင်းစသည်တို့ဖြစ်ပါသည်။ Procedures ဆိုသည်မှာ ဌာနတစ်ခုလုံး၏ လုပ်ငန်းစဉ်တစ်ခုလုံး၏ လုပ်ငန်းလုပ်ဆောင်ပုံ အစမှအဆုံးကို ရေးသားထားခြင်းကိုဆိုလိုပါသည်။ ဥပမာ HR ဌာန၏ လုပ်ငန်းစဉ်တစ်ခုလုံးဖြစ်သည့် ဝန်ထမ်းအားစတင်အလုပ်ခန့်ရန် စီစဉ်သည့်အချိန်မှစပြီး ထိုဝန်ထမ်းအသစ်နှင့်လက်ရှိဝန်ထမ်းများအတွက် လိုအပ်သည့် အရည်အချင်းများတိုးတက်လာစေရန် သင်တန်းများပေးအပ်မည့် အစီအစဉ်များချမှတ်ခြင်းနှင့်ထိုသို့ချမှတ်ထားသည့် အစီအစဉ်များအတိုင်း အမှန်တကယ်သင်တန်းများပေးအပ်ခြင်း၊ ထိုဝန်ထမ်း၏အရည်အချင်းကို ပြန်လည်အကဲဖြတ်ခြင်းစသည့်လုပ်ဆောင်မှုများအားလုံးကို ရေးသားထားခြင်းဖြစ်ပါသည်။ Work Instruction ဆိုသည်မှာ ထိုလုပ်ငန်းစဉ်တစ်ခုလုံးထဲမှ အချို့သော လုပ်ငန်းစဉ်ကလေးများ၏ အသေးစိတ်လုပ်ဆောင်ပုံအဆင့်ဆင့်ကို သက်ဆိုင်ရာဝန်ထမ်းများအားလုံး အမှားမရှိ လိုက်လံလုပ်ဆောင်နိုင်ရန် ရေးသားထားခြင်းဖြစ်ပါသည်။

Quality Manual ဆိုသည်မှာ ISO 9001:2008 စနစ်အရ လိုအပ်သည့် လိုအပ်ချက်များအတိုင်း အဖွဲ့အစည်း (သို့) ဌာနမှ လိုက်လံလုပ်ဆောင်ထားကြောင်းကို ဖော်ပြထားခြင်းနှင့်အတူ အဖွဲ့အစည်း၏ အကြောင်း၊ အဖွဲ့အစည်း၏ အရည်အသွေးဆိုင်ရာ မူဝါဒချမှတ်ခြင်း၊ ထုတ်ကုန်(သို့) ဝန်ဆောင်မှုအပေါ် ထိရောက်သည့် ရည်မှန်းချက် (Target) များချမှတ်ခြင်း၊ လုပ်ငန်းဌာနအချင်းချင်း ဆက်နွှယ်နေပုံအဆင့်ဆင့်ကို မျဉ်းများဖြင့် ဇယားဆွဲပြီး ဆက်သွယ်ပြသထားခြင်း၊ အဖွဲ့အစည်း၏ အရည်အသွေးနှင့်ပတ်သက်သည့် အစီအစဉ်များချမှတ်ခြင်းတို့ကို ကိုးကားရန် စာရွက်စာတမ်းများဖြင့် ဖော်ပြပေးထားခြင်းတို့ ပါဝင်ပါသည်။

၂။ Control of Records (မှတ်တမ်းများအား ထိန်းသိမ်းခြင်း)

လုပ်ငန်းလုပ်ဆောင်နေစဉ်အတွင်း နေ့စဉ် လိုအပ်သည့်မှတ်တမ်းများကို သက်ဆိုင်ရာ Form များ (သို့) ပုံစံစာရွက်များ၌ ပုံမှန်ဖြည့်သွင်းရေးသားမှတ်တမ်းတင်ထားပြီး လိုအပ်သည့်အခါ ပြန်လည်ကြည့်ရှုအသုံးပြုနိုင်ရန် ထိန်းသိမ်းထားရှိခြင်းဖြစ်သည်။

၃။ Control of Non-Conforming Product (သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသော ပစ္စည်းများကို ထိန်းသိမ်းခြင်း)

ထုတ်လုပ်လိုက်သည့် ပစ္စည်းများအတွက် လိုအပ်ချက်များဖြစ်သည့် (ဥပဒေအရ သော်လည်းကောင်း၊ ဝယ်သူများ၏ လိုအပ်ချက်အရ သော်လည်းကောင်း၊ အရည်အသွေးအရသော်လည်းကောင်း(သို့)ကုန်ပစ္စည်းများအတွက် လိုအပ်သည့်လိုအပ်ချက်များ)စသည့် လိုအပ်ချက်များနှင့်ကိုက်ညီမှုမရှိလျှင် ထိုကဲ့သို့သော ပစ္စည်းများကို ဈေးကွက်ထဲ(သို့) ဝယ်ယူသူလက်ထဲသို့မရောက်ရှိအောင် အရည်အသွေးထိန်းချုပ်မှုစနစ်ဖြင့် စနစ်တကျ မှတ်တမ်းထားရှိပြီး ဖယ်ထုတ် ထိန်းသိမ်းရခြင်းဖြစ်သည်။ ပြီးမှတစ်ဖန် ထိုလိုအပ်ချက်နှင့်ကိုက်ညီမှုမရှိသည့်ပစ္စည်းများကို ပြန်လည်ပြင်ဆင်ခြင်း (သို့တည်းမဟုတ်)အရည်အသွေး အဆင့်ကိုပြောင်းပြီး ပြန်လည်ထုတ်လုပ်ခြင်းတို့ကို လုပ်ဆောင်ခြင်းဖြင့် ဈေးကွက်ထဲ၌ နာမည်ပျက်ရမှုနှင့် ဆုံးရှုံးရမှုများကို သက်သာစေပါသည်။

၄။ Internal Quality Audit (လုပ်ငန်းခွင်၌စစ်ဆေးခြင်း)

ISO 9001:2008 လက်မှတ်ရရှိအောင် လုပ်ဆောင်သည့် အဖွဲ့အစည်းအနေဖြင့် အဖွဲ့အစည်းမှ ဝန်ထမ်းများဖြင့် (Quality Management Team) အရည်အသွေးမီ စီမံခန့်ခွဲမှုစနစ်အတွက် ကိုယ်စားလှယ်အဖွဲ့တစ်ခု ဖွဲ့စည်းရန်လိုအပ်ပါသည်။ ထိုအဖွဲ့အစည်းထဲ၌ အရည်အသွေးပြည့်ဝသည့် စီမံခန့်ခွဲမှုစနစ်အတွက် ကိုယ်စားလှယ်တစ်ဦး အနည်းဆုံး လိုအပ်ပါသည်။ ထိုပုဂ္ဂိုလ်သည် အဖွဲ့အစည်းက ISO လက်မှတ်ရရှိရေး (အိုင်ဆိုစနစ်နှင့်အညီ လုပ်ဆောင်နိုင်ရန်) အတွက် ဦးစီးဦးဆောင်ပြုရပြီး စာရွက်စာတမ်းများကို ပြုစုရသူဖြစ်ပါ သည်။

၅။ Corrective Action (အမှားပြင်ဆင်ခြင်း)

အလုပ်ဆိုသည့် သဘောမှာလည်း လုပ်နေကိုင်နေရင်း မှားတတ်ပါသည်။ ထိုသို့သော မှားခဲ့သည့် အမှားများ (သို့) QMS စနစ်၏ လိုအပ်ချက်နှင့်ကိုက်ညီမှုမရှိသည့်လုပ်ရပ်များ၊ ဖြစ်ရပ်များ ဖြစ်ပေါ်လာပါက အမှားပြင်ဆင်ခြင်းကို Corrective Action Required (CAR) ဆိုသည့် ပုံစံစာရွက်နှင့် အမှားများကို ပြင်ဆင်ခြင်း ပြုလုပ်ပြီး မှတ်တမ်းထားရှိရပါသည်။ သို့မှသာ မှားပြီးသည့်အမှားများ ထပ်ကာထပ်ကာ မှားယွင်းမှုများမှ ရှောင်ကြဉ်နိုင်မည် ဖြစ်ပါသည်။

**စက်ပစ္စည်း၏ အဖြေတိကျမှုသည် ဓာတ်ခွဲစမ်းသပ်မှုအဖြေကို များစွာအကျိုးသက်ရောက်သောကြောင့် ဖြစ်ပါသည်။ ထို့အပြင် စက်၏သဘောမှာ ပျက်တတ်သောကြောင့် စက်ပစ္စည်းကို ရောင်းပြီးသည့်နောက်ပိုင်း၌ စက်ကို ပြုပြင်ထိန်းသိမ်းပေးမည့် (Service)ပြင်ထိန်းအဖွဲ့ ရှိနေရန် လိုအပ်ပါသည်။ ဤသို့ ပြင်ထိန်းအဖွဲ့ မရှိပါက တန်ဖိုးထက် လက်ခကြီးတတ်သည်**

၆။ Preventive Action (ကြိုတင်ကာကွယ်ခြင်း)

အထက်က ဖော်ပြခဲ့သလို မှားပြီးသည့်ကိစ္စရပ်များကို အမှားပြင်ဆင်ခြင်းများ ပြုလုပ်ရသလို မမှားခင် မှားနိုင်ခြေရှိသည့်ကိစ္စရပ်များကို ကြိုတင်ကာကွယ်ရန်၊ အန္တရာယ်ဖြစ်နိုင်ခြေ အလားအလာရှိသည့်ကိစ္စများကိုလည်း ပြဿနာမဖြစ်ခင်ကတည်းက ကြိုတင်တားဆီးကာကွယ်မှုများကိုလည်း လုပ်ဆောင်ထားရသောကြောင့် မိမိလုပ်ငန်းအတွက် အန္တရာယ်ရှိမှု၊ ဆုံးရှုံးလေလွင့်မှုများကိုပါ လျော့နည်းစေပါသည်။

ထိုသို့ရှင်းလင်းပြောကြားခဲ့ပြီးနောက် QMS အရည်အသွေးပြည့်ဝသည့် စီမံခန့်ခွဲမှုစနစ်၏ သီအိုရီပိုင်းဖြစ်သည့် Quality Concepts အရည်အသွေးနှင့်ပတ်သက်သည့် အယူအဆများ၊ (Quality Defination) အဓိပ္ပာယ် ဖွင့်ဆိုချက်များနှင့်တကွ အရည်အသွေးနှင့်ပတ်သက်လျှင် ဆရာတစ်ဆူဖြစ်သည့် ဒမ်းမင်း (Deming) ၏ အရည်အသွေးဆိုင်ရာ အယူအဆများကို တင်ပြဆွေးနွေးခဲ့သည်။ မိမိတို့၏ ထုတ်ကုန်(သို့) ဝန်ဆောင်မှု၏ အရည်အသွေးကိုမြှင့်တင်ခြင်းနှင့်ပတ်သက်၍ ကုန်ကျစရိတ်များရှိကြောင်း၊ ဖြစ်နိုင်ခြေရှိသည့် ပြဿနာများကို ကြိုတင်ကာကွယ်ခြင်း နှင့် အရည်အသွေးပြည့်မီခြင်းမရှိသည့် ပစ္စည်း(သို့) ဝန်ဆောင်မှုများကို မည်သို့ရှာဖွေဖော်ထုတ်ရမည်ဆိုသည့် ကိစ္စရပ်များကိုတင်ပြဆွေးနွေးခဲ့သည်။

ယခု Workshop မှာ သင်ကြားမှုနှင့်ပတ်သက်ပြီး သင်ခန်းစာတစ်ခုရလိုက်ပါသည်။ ထိုသင်ခန်းစာက သင်တန်းဆရာက သင်တန်းသားတွေနဲ့ သိပ်ပြီးမရင်းနှီးသေးသည့် ကိစ္စတစ်ခုကို စဉ်းစားခိုင်းပြီး Assignment ပေးပြီး လုပ်ကြည့်ခိုင်းပါသည်။ ကျွန်တော်တို့နှင့် ရင်းနှီးလာခဲ့သည့် သင်ကြားရေးစနစ်မှာ ဆရာက အကုန်လုံးအဆင်သင့် သင်ပေးပြီးမှ လုပ်ခိုင်းခြင်းဖြစ်ပါသည်။ ယခုတော့ သင်တန်းဆရာက သင်တန်းသားတွေကို အရင်ဆုံးဖြစ်နိုင်ခြေကို အရင်စဉ်းစားခိုင်းလိုက်သည်။ လုပ်ကြည့်ခိုင်းသည်။ ပြီးမှ အမှားကနေတစ်ဆင့် မည်သို့အမှန်ဖြစ်အောင် ပြန်ပြီးစဉ်းစားရသလဲ ဆိုသည်ကို သင်ပြပေးသွားပါသည်။

ဆရာဖြစ်သူသည် သင်တန်းသားတစ်ဦးချင်းစီကို ပထမနေ့စ်ရက်က ဆွေးနွေးထားသည့် ကိစ္စများကို ပြန်မေးပါသည်။ ဒီမှာလည်း ပညာတစ်ခု ထပ်ရပါသည်။ သင်ထားသည်များကို အလွတ်ရနေစရာမလို၊ စာအုပ်ကို ပေးကြည့်ပါသည်။ သို့သော် သင်တန်းသားများ၏ QMS စနစ်အပေါ် နားလည်မှုကို အဓိကထားပါ သည်။ သင်တန်းသားတစ်ယောက် အဖြေမှန်မရမချင်း နောက်တစ်ယောက်ထံကို မသွားပါ။ သူ၏ရည်ရွယ်ချက်က သင်တန်းသားတစ်ဦးတစ်ယောက်ချင်းစီကို သေသေချာချာ နားလည်စေချင်ပုံရပါသည်။ နောက်ပြီး FDA ဓာတ်ခွဲခန်းနှင့်ပတ်သက်ပြီး အရည်အသွေးဆိုင်ရာမူဝါဒ (Quality Policy) ချမှတ်ရမည့်ကိစ္စကို သေသေချာချာ ရှင်းပြပြီး မူဝါဒချမှတ်မှု၌ ထည့်သွင်းစဉ်းစားရမည့် အချက်အလက်များကိုလည်း ရှင်းပြပေးပါသည်။ ထိုသို့ အရည်အသွေးဆိုင်ရာ မူဝါဒချမှတ်မှုသည် FDA အဖွဲ့အစည်းတစ်ခုလုံးအတွက် အလွန်အရေးကြီးသည့် အဓိကအချက်အချာဖြစ်သည့် ကိစ္စဖြစ်ပါသည်။ အကြောင်းက ထိုမူဝါဒမှတစ်ဆင့် အဖွဲ့အစည်းတစ်ခုလုံး၏ အရည်အသွေးဆိုင်ရာ ရည်မှန်းချက် (Quality Objective)များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အကြောင်းကိုလည်း သေသေချာချာရှင်းပြပါသည်။ ထို့နောက် အဖွဲ့တစ်ခုချင်းစီအား FDA ဓာတ်ခွဲခန်းအတွက် အရည်အသွေးဆိုင်ရာ မူဝါဒကို လက်တွေ့ချမှတ်စေပါသည်။ တင်ပြလာသည့် မူဝါဒဆိုင်ရာ သတ်မှတ်မှုများကိုလည်း ပိုပြီးကောင်းမွန်အောင် ဝိုင်းဝန်းဆွေးနွေးခဲ့ပါသည်။

အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများကို ဓာတ်ခွဲစမ်းသပ်သည့် ဓာတ်ခွဲခန်းများကို ကွင်းဆင်းလေ့လာပြီး လက်ရှိဓာတ်ခွဲခန်း၌ အသုံးပြုနေသည့် စနစ်များ၏ အားနည်းချက်၊ အားသာချက်များကို လက်တွေ့ ရှင်းပြပြီး ယခု ဓာတ်ခွဲခန်းရှိ ပစ္စည်းများ၊ အရင်းအမြစ်များနှင့်ပင် တက္ကသိုလ်ကျောင်းသားများအတွက် ပညာရေးအထောက်အကူပြုနိုင်မှုနှင့် ဓာတ်ခွဲခန်းဝင်ငွေတိုးပွားအောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းများကိုလည်း အကြံပြုဆွေးနွေးခဲ့ပြီး လိုအပ်ချက်များ၌ လူသားအရင်းအမြစ်များ (Human Resources)ကို မည်သို့စီမံခန့်ခွဲရမည်၊ အခြေခံအဆောက်အအုံလိုအပ်ချက်များနှင့် စက်ပစ္စည်းများ (Infrastructure)ကို မည်သို့ထိန်းသိမ်းစီမံရမည်ဆိုသည့် ကိစ္စရပ်များနှင့် မိမိတို့ နေ့စဉ်လုပ်ဆောင်နေသည့် ဆောင်ရွက်ချက်များကို မည်သို့ အစီအစဉ်ရေးဆွဲရမည်ဆိုသည့် ကိစ္စများနှင့် နေ့စဉ်လုပ်ဆောင်နေသည့် လုပ်ငန်းစဉ်များကို မည်သို့ကြီးကြပ်ကွပ်ကဲရမည်ဆိုသည်များကိုလည်း အသေးစိတ်ဆွေးနွေးတင်ပြခဲ့ပါသည်။

သင်တန်း၌ Measurement (တိုင်းတာမှု)နှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ Analysis (လေ့လာဆန်းစစ်ခြင်း ကိစ္စများ)နှင့် Improvement (တိုးတက်မှုရရှိအောင် မည်သို့လုပ်ဆောင်ရမည်ဆိုသည့် ကိစ္စများ)ကို တင်ပြဆွေးနွေးခဲ့ပါသည်။ ထို့ပြင် မိမိတို့၏ နေ့စဉ်လုပ်ဆောင်နေသည့် အလုပ်များကို မည်သို့ ပြန်လည်စစ်ဆေးရမည်၊ ထိုသို့ လုပ်ငန်းများကို ပြန်လည်စစ်ဆေးရာ၌ ဆောင်ရန်နှင့် ရှောင်ရန်ကိစ္စများကိုလည်း ဆွေးနွေးတင်ပြပြီး ဓာတ်ခွဲစမ်းသပ်မှု၌ စက်ပစ္စည်းများ၏ အဖြေရရှိမှု တိကျမှန်ကန်ခြင်း၏ အရေးပါပုံနှင့် ထိုသို့ စက်ပစ္စည်းများ၏ အမြဲတစေအဖြေမှန်ကန်မှုရှိနေစေရန်(Calibration) စံတိုက်စစ်ဆေးရမည့် အစီအစဉ်များကိုလည်း ချမှတ်ရန် လိုအပ်ကြောင်းနှင့် ပြန်လည်စံတိုက်စစ်ဆေးရန်အတွက် အစီအစဉ်ရေးဆွဲသည့် အစီအစဉ်များကိုလည်း တင်ပြဆွေးနွေးခဲ့ပြီး (Procurement)ဝယ်ယူရေးနှင့်ပတ်သက်၍ ဓာတ်ခွဲခန်း၌ အသုံးပြုမည့် စက်ပစ္စည်းများဝယ်ယူရာတွင် ဓာတ်ခွဲခန်း၌ စက်ပစ္စည်းများကို ကိုင်တွယ်အသုံးပြုမည့် ကျွမ်းကျင်ပညာရှင်များက ထောက်ခံချက်ပေးထားသည့် (Specifications) သတ်မှတ်ချက်များ၊ အဖြေတိကျမှုအဆင့်အတန်း(Accuracy Class) အတိုင်း စက်ပစ္စည်းကို ဝယ်ယူပေးသည့် ဌာနမှ အတိအကျဝယ်ပေးရမည့် အကြောင်းကို ဦးစားပေးပြောကြားသွားပါသည်။ အကြောင်းက စက်ပစ္စည်း၏ အဖြေတိကျမှုသည် ဓာတ်ခွဲစမ်းသပ်မှုအဖြေကို များစွာအကျိုးသက်ရောက်သောကြောင့်ဖြစ်ပါသည်။ ထို့အပြင် စက်၏သဘောမှာ ပျက်တတ်သောကြောင့် စက်ပစ္စည်းကို ရောင်းပြီးသည့်နောက်ပိုင်း၌ စက်ကို ပြုပြင်ထိန်းသိမ်းပေးမည့် (Service)ပြင်ထိန်းအဖွဲ့ရှိနေရန် လိုအပ်ပါသည်။ ဤသို့ပြင်ထိန်းအဖွဲ့မရှိပါက တန်ဖိုးထက် လက်ခကြီးတတ်သည်ကိုလည်း ရှင်းလင်းတင်ပြသွားခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် ပြန်လည်သုံးသပ်ရမည်ဆိုလျှင် ယခု ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ FDAမှ ဝန်ထမ်းများအတွက် ကျင်းပခဲ့သည့်သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ (Workshop) သည် အလွန်အောင်မြင်သည့် သင်တန်းတစ်ခုဖြစ်သည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် တက်ရောက်လာသည့် သင်တန်းသားများအားလုံးသည် စိတ်ပါဝင်စားပြီး အလွန်တက်ကြွစွာပါဝင်လုပ်ဆောင်သည်ကို တွေ့ရှိရခြင်း၊ သင်တန်းချိန်နောက်ကျမှပြီးသော်လည်း သင်တန်းသားများ စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ခြင်းတို့အပြင် သင်တန်းသားတို့၏ တာဝန်ယူချင်စိတ်ရှိခြင်းနှင့် သင်တန်းဆရာ၏ အသင်အပြကောင်းခြင်းတို့ကြောင့်ဖြစ်ပါသည်။ သင်တန်းဆရာအနေဖြင့် အသင်အပြကောင်းခြင်းမှာ မဆန်းပါ။ သင်တန်းသားများကို စိတ်ဝင်စားအောင်သင်ရမည်မှာ သူ့အလုပ်ဖြစ်ပါသည်။ အထူးသဖြင့် သင်တန်းသားများ စိတ်ပါဝင်စားပြီး တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ခဲ့ခြင်း၊ ပေးအပ်လာသည့်အလုပ်များ (Assignments) ကို တာဝန်ယူလုပ်ဆောင်ချင်စိတ် ရှိခြင်းတို့ကြောင့် ကျွန်တော်တို့နိုင်ငံ၌ ယခုလို တက်ကြွသည့် ဝန်ထမ်းကောင်းများရှိနေခြင်းကို ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ရေးသားမှတ်တမ်းတင်လိုက်ရပါသည်။ ။

ပြည်တွင်းရေးရာ

# နေပြည်တော်ကောင်စီနယ်မြေ၌ ယာဉ်များရှောင်တခင်စစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်တင်တင်ဌေး နှင့် ဝန်ထမ်းများသည် နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များနှင့်အတူ နေပြည်တော်ဗဟိုပြု၍ ထွက်ခွာသော အဝေးပြေးယာဉ်လိုင်း များနှင့် မြို့တွင်းပြေးဆွဲသော ယာဉ် လိုင်းများ၊ အငှားယာဉ်(Taxi)များ၊ သုံးဘီးယာဉ်များ၊ မော်တော်ဆိုင် ကယ်များကို ဇန်နဝါရီ ၁၆ ရက်က မြို့တော်ခန်းမရှေ့တွင် ရှောင်တခင် စစ်ဆေးရာ ယာဉ်စည်းကမ်းနှင့် မညီညွတ်သော မော်တော်ယာဉ် ၄၇ စီးနှင့် လိုင်စင်ပြည့်စုံမှုမရှိသော ဆိုင်ကယ် ၄၇ စီးအား ဖမ်းဆီးအရေး ယူပြီး ဒဏ်ငွေများ ချမှတ်ခဲ့ကြောင်း သိရသည်။ **(ဇော်မင်းအောင်-၁၀၇)**

# နိုဘယ်-မြန်မာစာပေပွဲတော် မြန်မာစာပေလောကသားများ စုပေါင်းကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၈**

နိုင်ငံတကာစာပေများ အထူးသဖြင့် နိုဘယ်ဆုရပုဂ္ဂိုလ်ကျော်တို့၏ စာပေလက်ရာများဖြင့် မြန်မာစာပေကိုအားဖြည့်မြှင့်တင်ရန် မြန်မာစာရေး ဆရာများ၊ ကဗျာဆရာများ၊ စာနယ်ဇင်းအယ်ဒီတာများ၊ စာကြည့်တိုက်ပညာ ရှင်များ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ၊ စာအုပ်စာနယ်ဇင်းဖြန့်ချိသူများ နှင့် စာအုပ်စာပေလောကတွင် စိတ်အားထက်သန်သူများ ပေါင်းစု၍နိုဘယ်-မြန်မာစာပေပွဲတော်ကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ဇန်နဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပကြောင်းသိရသည်။

ကဇာတ်ရုံအတွင်း မြန်မာစာရေးဆရာများ၊ စာပေပညာရှင်များက စာတမ်းများဖတ်ကြားခြင်း၊ တက်ရောက်လာကြသော ပြည်တွင်းပြည်ပမှ စာရေးဆရာများ၊ စာပေပညာရှင်များက ပြန်လည်ဆွေးနွေးကြပြီး ကဇာတ်ရုံ အဝင်ဝတွင် စာပေနိုဘယ်ဆုရပုဂ္ဂိုလ်တို့၏ဓာတ်ပုံနှင့် ၎င်းတို့ထုတ်ဝေ ခဲ့သောအင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသောမူရင်းစာအုပ်များပြခန်းနှင့် စာပေနိုဘယ်ဆုရပုဂ္ဂိုလ်တို့၏မြန်မာပြန်လက်ရာစာအုပ်များကိုပြသထားသည်။ ဇာတ်ရုံပြင်ပရှိ ရွက်ဖျင်တဲ(၁)တွင် စာအုပ်ဈေးပွဲတော်ကို ထုတ်ဝေရေး စာအုပ်တိုက်ပေါင်း၈၀ကျော်က ဆိုင်ခန်းပေါင်း ၁၀၀ နီးပါး ခင်းကျင်းရောင်းချ သည်။ တဲအမှတ်(၂)တွင် စာရေးဆရာ၊ ကဗျာဆရာများ၊ စာပေသုတေသီများနှင့် စာပေအပေါ်စိတ်အားထက်သန်သူများ ပါဝင်ဆွေးနွေးသည့် စာပေစကားဝိုင်း ငြိမ်းချမ်းရေးဓာတ်ပုံနှင့် ပိုစတာပြပွဲ၊ ကာတွန်းပြပွဲများပါဝင်သလို ကာတွန်း ပညာရှင်များက လက်တွေ့ကယ်ရီကေးချားများ ရေးဆွဲပေးကြသည်။

စာပေပွဲတော်ကျင်းပသော သုံးရက်စလုံးတွင် ညရနာရီမှစ၍ အမျိုးသား ဇာတ်ရုံတွင် စတီရီယိုနှင့်ငြိမ်းချမ်းရေးသီချင်းများ၊ နန်းဝင်း၏သာစုခေါ် သည် အော်ပရာ၊ မန္တလေးသိန်းဇော်၏နတ်သျှင်နောင်တေးသရုပ်ဖော်၊ စာရေးဆရာ ကြီး မောင်ထင်၏ အာဇာနည်မိခင်ပြဇာတ်၊ ဆရာဇော်ဂျီ၏ မဟာဆန်ချင်သူ ပြဇာတ်နှင့် မြန်မာပြည်စတား၊ ဟားငါးကောင်၊ သီးလေးသီးအငြိမ့်များဖြင့် စာပေပွဲတော်ကိုဂုဏ်ပြုတင်ဆက်ခဲ့သည်။ မြန်မာနိုင်ငံတွင် စာအုပ်စာပေကို အများပြည်သူတို့ စိတ်ဝင်စားမှု၊ လေ့လာဖတ်ရှုမှုတိုးတက်လာစေရန် မြန်မာ စာပေရေးသားသူတို့၌ စိတ်ကူးစိတ်သန်းသစ်၊ စိတ်အားထက်သန်မှုသစ်များနှင့် အတူ တီထွင်ဖန်တီးမှုအသစ်များ တိုးတက်ဖြစ်ပေါ်လာစေရန် စာပေ၏ အရေးကြီးသောအကျိုးကျေးဇူးတစ်ရပ်မှာ အတွေးအမြင် ဗဟုသုတကြွယ်ဝခြင်း နှင့်အတူ သဘောထားကြီးခြင်း၊ အမြင်ကျယ်ခြင်းတို့ကြောင့် လူ့အဖွဲ့အစည်း အတွင်း ငြိမ်းချမ်းမှုရရှိစေခြင်းဖြစ်ကြောင်း၊ အများပြည်သူတို့တိုးတက်သိမြင် လာစေရန်အတွက်ရည်ရွယ်၍ နိုဘယ်-မြန်မာစာပေပွဲတော်ကိုကျင်းပရခြင်း ဖြစ်ကြောင်း ပွဲတော်ဥက္ကဋ္ဌ ဆရာဖေမြင့်က ပြောပြသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# မင်းလှမြို့နယ် ငနောင်မုန်းရေနံမော်တွင် မီးလောင်မှုဖြစ်ပွား

**မင်းလှ ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မင်းလှ မြို့နယ် ငနောင်မုန်းရေနံမော်တွင် ဇန်နဝါရီ ၁၈ ရက် နံနက် ၈ နာရီက ခပ်ဖူးသံပိုက်ချင်းပွတ်တိုက်ရာမှပူပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရ သည်။



ဖြစ်စဉ်မှာ ငနောင်မုန်း ရေနံမော် ဦးဖိုးစန်း ပိုင်ဆိုင်သော ယာထဲရှိ ရေနံလုပ်ငန်းတစ်ခုတွင် ရေနံခပ် လုပ်သား မောင်ဇော် ရေနံခပ်နေစဉ် ခပ်ဖူးသံပိုက်ချင်း ပွတ်တိုက်ရာမှ ပူလာပြီး မီးလောင်ကျွမ်းမှု ဖြစ်ပွား ခဲ့သောကြောင့် ရေနံမနယ်မြေ ရဲစခန်းမှူး ရဲအုပ်ရွှေဝင်းမောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်ရှစ်ဦး၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးကျော်လင်း နှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ရေနံမကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသာလှိုင်ဦးစီးသော အရန်မီးသတ် တပ်ဖွဲ့ဝင် ၂၀ အပါအဝင် ပြည်သူ အင်အား ၁၀၀ ခန့်ဖြင့် ဝိုင်းဝန်း ငြိမ်းသတ်ခဲ့ရာ ၈ နာရီခွဲတွင် မီးငြိမ်း သွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် အနီးရှိ ရေနံစိမ်းပီပါငါးလုံး၊ စက်ကလပ်ခုံနှစ်ခုံ၊ ဟွန်ဒါစက် တစ်လုံး၊ ဒါရင်းဆိုင်ကယ်တစ်စီး၊ ရွက်ဖျင်တဲသုံးလုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

၎င်းဖြစ်စဉ်အတွက် မီးလောင်မှု ဖြစ်ပွားစေခဲ့သူ ကန်တုတ်ကျေးရွာနေ ရေနံခပ်လုပ်သား မောင်ဇော်အား ဥပဒေအရ အရေးယူပေးပါရန် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်လင်း က တရားလိုပြုတိုင်တန်းခဲ့ရာ ရေနံမ နယ်မြေရဲစခန်းက ပ-၁၀/၂၀၁၅ ဥပဒေပုဒ်မ ၂၈၅၊ ပ-၁၁/၂၀၁၅ နိုင်ငံတော်စီးပွားရေးအက်ဥပဒေပုဒ်မ ၉ ဖြင့် အမှုဖွင့်ထားလျက်ရှိပြီး အမှုစစ် အရာရှိ ဒုရဲအုပ်မျိုးမင်းထွန်းက စစ်ဆေး ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိ ကြောင်း သိရသည်။

**မင်းထီး(ရေနံမ)**

# ဘိုကလေးဈေးအနီး အော်ဟစ်ဆဲဆိုသူလူငယ်လေးဦးနှင့် ရပ်ကွက်နေလူငယ်များ ခိုက်ရန်ဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၁၈**

ဗိုလ်တထောင်မြို့နယ် ဘိုကလေး ဈေးအနီး၌ ဇန်နဝါရီ ၁၇ ရက် နံနက် အစောပိုင်းက အော်ဟစ်ဆဲဆိုသူ လူငယ်လေးဦးနှင့် ရပ်ကွက်နေလူငယ် များခိုက်ရန်ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၇ ရက် နံနက် ၁ နာရီက ဗိုလ်တထောင်မြို့နယ် (၆)ရပ်ကွက် (၄၃)လမ်း၊ အမှတ်(၂၅)၊ (ပ)ထပ်တွင် ငှားရမ်းနေထိုင်သော ကျော်စွာလင်း (၂၃)နှစ်၊ ဗစ်တာ(၂၄) နှစ်၊ ထက်လင်း(၁၉)နှစ်၊ အောင် သောင်းဦး (၂၃)နှစ်တို့လေးဦးမှာ ရပ် ကွက်အတွင်းအော်ဟစ်ဆဲဆိုခဲ့ကြသ ဖြင့် ရပ်ကွက်နေပြည်သူများနိုးလာ ကြပြီး အုပ်ချုပ်ရေးမှူး ဦးဇော်လင်း၊ ရပ်မိရပ်ဖဦးမြင့်အောင်နှင့် ဦးစိန်ဝင်း တို့က ဆဲဆိုခြင်းမပြုရန် တားမြစ် ခဲ့ရာ ၎င်းတို့လေးဦးက ဆဲဆိုကြိမ်း မောင်း၍ ဦးစိန်ဝင်းအား ဆောင့်တွန်း ခဲ့သဖြင့် လဲကျခဲ့ပြီး ခါးနာကျင်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ၎င်းတို့လေးဦးမှာ ထပ်မံအော်ဟစ်ဆဲဆို၍ ကုန်သည် လမ်းအတိုင်းဆက်လက်ထွက်သွားခဲ့ ကြရာ (၈)ရပ်ကွက်၊ (၄၁)လမ်းပေါ် အရောက် ရပ်ကွက်အတွင်းရှိ လူငယ် များက အော်ဟစ်ဆူညံခြင်းမပြုရန် တားမြစ်ခဲ့ရာမှ ကျော်စွာလင်းပါ လေးဦးနှင့် ခိုက်ရန်ဖြစ်ပွားခဲ့ကြသဖြင့် ဗိုလ်တထောင်မြို့မရဲစခန်းလှည့်ကင်း အဖွဲ့က တွေ့ရှိခဲ့ပြီး ထိန်းသိမ်းခဲ့ရ ကြောင်းသိရသည်။

ယင်းကဲ့သို့ ခိုက်ရန်ဖြစ်ပွားမှုကြောင့် အပြန်အလှန်တိုင်တန်းချက်များအရ ဗိုလ်တထောင်မြို့မရဲစခန်းက အမှုဖွင့် လှစ်ကာ စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၀၄၀)**



# မုဒုံမြို့နယ် တော်ကူးကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**မုဒုံ ဇန်နဝါရီ ၁၈**

မုဒုံမြို့နယ် တော်ကူးကျေးရွာတွင် ဇန်နဝါရီ ၁၈ ရက် နံနက် ၄ နာရီခွဲ ခန့်တွင် ဗိုလ်ချုပ်လမ်း (မ/၆၅) နေ သန်းထွန်း (၄၉)နှစ်၏ နေအိမ်၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ၎င်း၏နေအိမ် အပေါ်ထပ် အိပ်ခန်းအတွင်းတွင် MP3 Song Box ကို တစ်ညလုံး မီးပလပ်ပေါက်ထိုး၍ အားသွင်းထား ရာမှ အပူလွန်ကဲပြီး ဝါယာရှော့ခ် ဖြစ်ကာ တိုက်ခံပျဉ်ထောင် သွပ်မိုး နှစ်ထပ်အိမ် အလျား ပေ ၃၀၊ အနံ ၁၅ ပေ လူနေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မုဒုံ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်၊ မြို့နယ်ရဲမှူးငွေသိန်း၊ ဒု-ရဲမှူး မင်းဆွေ၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးမြင့်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မုဒုံမြို့နယ် မီးသတ်စခန်းမှ မီးသတ် ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ကမာဝက်မြို့မှ မီးသတ်ယာဉ် တစ်စီးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည် သူများ စုစုပေါင်း အင်အား ၇၀ ခန့် စုပေါင်းဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ ၄၅ မိနစ်တွင် မီးညွန့် ကျိုးခဲ့ပြီး ၅ နာရီတွင် မီးလုံးဝ ငြိမ်းသွားခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သန်းထွန်း (၄၉)နှစ် အား မုဒုံမြို့မ မီးပေါ့ဆမှုကြောင့် နေအိမ်တစ်လုံး မီးလောင်ကျွမ်း ဆုံးရှုံးစေခဲ့သူ ရဲစခန်းက အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။ **(၄၄၁)**



**ပြည်တွင်းရေးရာ**

### ☆ ပြည်ထောင်စုလွှတ်တော်မှ

ပထမအကြိမ် လွှတ်တော်သက်တမ်း၏ ကျန်ရှိသည့် ကာလအတွင်း ပြီးစီးအောင်ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေးအတွက် အချိန်ဇယားရေးဆွဲဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကက (၆/၂၀၁၄) အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ဆောင်ရွက်နိုင်မှုအခြေအနေ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်မှုအခြေအနေ၊ စည်ပင်သာယာရေးနည်းဥပဒေများ ထုတ်ပြန်ဆောင်ရွက်နိုင်မှု အခြေအနေနှင့် လွှတ်တော်ဆိုင်ရာ အခြားလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယကက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

# ကေအိုင်အေ(ကချင်)အဖွဲ့က ဒေသခံပြည်သူများနေထိုင်လျက်ရှိသည့် နေရာများနှင့် တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



**နေပြည်တော် ဇန်နဝါရီ ၁၈**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် လုံးခင်းနယ်မြေရဲစခန်းဝင်းအတွင်းသို့ ဇန်နဝါရီ ၁၅ ရက် ညနေ ၆ နာရီခွဲခန့်တွင် ကေအိုင်အေ(ကချင်)အဖွဲ့ဝင်တစ်ဦးက ဆိုင်ကယ်စီးနင်း၍ လက်ပစ်ဗုံးတစ်လုံးဖြင့် အလစ်အငိုက်ပစ်သွင်းထွက်ပြေးသွားခဲ့ရာ ရဲတပ်ကြပ်ကူရှင်ဖုန်းဆားရ်၏ ဇနီးဖြစ်သူ ဒေါ်နန်းဆိုင်(၅၂)နှစ်၊ သားဖြစ်သူ ဆခေါင်ဝမ်ဖုန်းဆားရ်(၂၃)နှစ်၊ တူဖြစ်သူ ဖုန်တီအောင်(၁၈)နှစ်နှင့် ရဲတပ်ကြပ် စောထွန်းအောင်၏ဇနီးဖြစ်သူ ဒေါ်ခိုင်ဇာနည်မြင့် (၃၇)နှစ်တို့တွင် ဗုံးစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။

ထို့အတူ မွန်းလွဲ ၂ နာရီခန့်တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာအနီးရှိ ဂျိတ်ပါဝါ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီဝင်း အတွင်းရှိ ဂိတ်တဲအား ကေအိုင်အေ (ကချင်)အဖွဲ့ဝင်တစ်ဦးက ဆိုင်ကယ်စီးနင်းရောက်ရှိလာပြီး လက်ပစ်ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သော်လည်း ပေါက်ကွဲမှုမဖြစ်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက သွားရောက်ရှင်းလင်းခဲ့ပြီး အဆိုပါ လက်ပစ်ဗုံးနှစ်လုံးအား ဖောက်ခွဲဖျက်ဆီးခဲ့သည်။

အလားတူ ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက် စည်ပင်သာယာ ပန်းခြံထောင့်ရှိ အမှိုက်ပုံအနီး၌ မော်ဝမ်းရပ်ကွက်ဘက်မှ မြို့မရပ်ကွက်ဘက်သို့ မောင်းနှင်လာသည့် ဆိုင်ကယ်ပေါ်မှ ကေအိုင်အေ (ကချင်)အဖွဲ့ဝင်တစ်ဦးက မိုင်းတစ်လုံးအား ပစ်ပေါက်ခဲ့ရာ အမှိုက်ပုံပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။

ညနေ ၆ နာရီ မိနစ် ၄၀ ခန့်တွင်လည်း ဖားကန့်မြို့ မြို့မရပ်ကွက်ရှိ ဥရုရတနာ ကျောက်စိမ်းတံတားထိပ်၌ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင်များအား ငှက်ပျောတောရပ်ကွက်ဘက်မှ မြို့မရပ်ကွက်ဘက်သို့ ကေအိုင်အေ(ကချင်)အဖွဲ့ဝင်နှစ်ဦး မောင်းနှင်လာသည့်ဆိုင်ကယ်ပေါ်မှ မိုင်းတစ်လုံးအား ပစ်ပေါက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေသည့် အနီးကတ္တရာလမ်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။

ထို့အတူ ဇန်နဝါရီ ၁၇ ရက် ညနေ ၆ နာရီ ၃၅ မိနစ်ခန့်တွင် ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက်ရှိ ဖားကန့်မြို့မရဲစခန်း ခြံစည်းရိုးရှေ့ကားလမ်းဘေး ရေမြောင်းအနီး (ရဲစခန်းဝင်ပေါက်၏ ဝဲဘက်)၌ ကေအိုင်အေ (ကချင်)အဖွဲ့က ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲခဲ့သဖြင့် ရဲစခန်းရှေ့ခြံစည်းရိုးအတွင်း စိုက်ထူထားသည့် ဗိုနိုင်းဆိုင်းဘုတ်များ ပျက်စီးသွားခဲ့သည်။

အလားတူ ည ၇ နာရီခွဲခန့်တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာရှိ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း) ရုံးဝင်း အုတ်တံတိုင်းရှေ့အား လုံးခင်းဘက်မှ အေးချမ်းသာယာ ရပ်ကွက်ဘက်သို့ ကေအိုင်အေ(ကချင်) အဖွဲ့ဝင်နှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ပေါ်မှ မိုင်းတစ်လုံးအား ပစ်ပေါက်ခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့သော်လည်း ထိခိုက်မှုမရှိကြောင်း သိရသည်။

ထို့ပြင် မိုးကောင်းမြို့နယ် (၈) မိုင်လမ်းဆုံ၏ အနောက်မြောက်ဘက် ၁ မိုင် ၃ ဖာလုံအကွာ မိုးကောင်း-ဖားကန့်သွားကားလမ်း မိုင်တိုင်အမှတ် (၉/၃) ရှိ တံတားအမှတ် (၁/၁၀) အရှည် ပေ ၆၀၊ အကျယ် ၁၂ပေရှိ ဘေလီ သံပေါင်တံတား(ပါဟုတ်ချောင်းကူးတံတား)**(အပေါ်ပုံ)**အား ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီခန့်တွင် လည်းကောင်း၊ အဆိုပါ တံတား၏ အနောက်မြောက်ဘက် လေးဖာလုံခန့်အကွာ၊ မိုင်တိုင်အမှတ် (၉/၇)ရှိ တံတားအမှတ် (၂/၁၀) အရှည်ပေ ၃၀၊ အကျယ် ၁၂ ပေရှိ ဘေလီသစ်သားတံတား(၁၀ မိုင်ချောင်းကူးတံတား) အား ညနေ ၄ နာရီခွဲခန့်တွင် လည်းကောင်း ကေအိုင်အေ (ကချင်) အဖွဲ့က မီးရှို့ဖျက် ဆီးခဲ့သဖြင့် တံတားများ မီးလောင်ပျက်စီးခဲ့သည်။

အလားတူ ညနေ ၃ နာရီခန့်တွင် အဆိုပါ ကားလမ်းပေါ်ရှိ ခွန်ဆိုင်ဇွပ်ကျေးရွာအဝင်မှ အရှည်ပေ ၂၀၊ အကျယ် ၁၂ ပေရှိ သစ်သားတံတားအား လည်းကောင်း၊ နန့်ခိုင်ကျေးရွာအနီးမှ အရှည် ပေ ၂၁၊အကျယ် ၁၄ ပေရှိ ကွန်ကရစ်တံတားနှင့် အရှည် ၂၄ ပေ၊အကျယ် ၁၇ ပေရှိကွန်ကရစ်တံတားနှစ်စင်းအား ညနေ ၅ နာရီခန့်တွင် လည်းကောင်း ကေအိုင်အေ (ကချင်)အဖွဲ့က အောင်မြင့်ကြိုင်ကုမ္ပဏီပိုင် ဘက်ဟိုးယာဉ်မောင်းအား ခြိမ်းခြောက်၍ ဖျက်ဆီးခိုင်းခဲ့သဖြင့် တံတားများပျက်စီးသွားပြီး မိုးကောင်း-ဖားကန့်သို့ သွားလာလျက်ရှိသော မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခြင်းမပြုနိုင်ဘဲ သွားလာမှုပြတ်တောက်ခဲ့ကြောင်း သိရသည်။

ကေအိုင်အေ(ကချင်)အဖွဲ့အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ဒေသခံပြည်သူများ နေထိုင်လျက်ရှိသည့်နေရာများနှင့် တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသဖြင့် ဒေသခံပြည်သူများ အထိတ်တလန့်ဖြစ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## ကေအိုင်အေ(ကချင်)အဖွဲ့၏ အမာခံတစ်ဦးအား မိုင်းနှင့်ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာတံတား၌ ဇန်နဝါရီ ၁၅ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆိုင်ကယ်များကို ရပ်တန့်စစ်ဆေးမှုများဆောင်ရွက်စဉ် ည ၉ နာရီခန့်တွင် ဆိုင်းတောင်ကျေးရွာဘက်မှ ဖားကန့်ဘက်သို့ မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ ကေအိုင်အေ(ကချင်)အဖွဲ့၏ အမာခံတစ်ဦးဖြစ်သူ နော်မိုင် (၂၂)နှစ် (ဘ)ဦးတန်ဂျာ ဖားကန့်မြို့နယ် ဆိုင်းတောင်ကျေးရွာနေသူနှင့်အတူ ဆိုင်ကယ်ရှေ့ခွကြားတွင် တင်ဆောင်လာသည့် ဆာလာအိတ်အတွင်းမှ တိပ်အဝါဖြင့် ပတ်ထားသည့် ရီမုတ်မိုင်းနှစ်လုံး၊ ရီမုတ်တစ်ခုနှင့် အဆိုပါ မိုင်းများတွင် တပ်ဆင်အသုံးပြုမည့် ဓာတ်ခဲများအား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ကေအိုင်အေ(ကချင်)အဖွဲ့၏ အမာခံ နော်မိုင်အားစစ်ဆေးမေးမြန်းချက်အရ ရှင်းလင်းရှာဖွေရာ ဆိပ်မူတံတား၏ မီတာ ၁၀၀ ခန့်အကွာတွင် အနက်ရောင်ပလတ်စတစ်အိတ်တစ်လုံးအား တွေ့ရှိရပြီး အဆိုပါအိတ်အတွင်းမှ ပွိုင့်-၃၂ ပစ္စတိုတစ်လက်၊ ယင်းကျည်အိမ်တစ်ခု၊ ကျည်လေးတောင့်နှင့် လက်ပစ်ဗုံးတစ်လုံးတို့အား ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

### ❖ မော်လမြိုင်ကျွန်းမှ

မော်လမြိုင်ကျွန်း-ဘိုကလေး-ဒလ အဝေးပြေးမော်တော်ကားလမ်းမှရန်ကုန်မြို့သို့ နေ့ချင်းပြန်သွားလာနိုင်မည်ဖြစ်သည်။

ထို့ပြင် ဖျာပုံခရိုင် ဘိုကလေးမြစ်ကူးတံတားမှာလည်း ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က ဘိုကလေး-သာပေါင်း မြစ်ကူးတံတားဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဘိုကလေးမြို့မှ ပင်လယ်ပိုင်းဒေသကျေးရွာများသို့တိုက်ရိုက်ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။

မော်လမြိုင်ကျွန်းမြို့နယ် ကွဲခြံရေကျော်မြစ်ကူးတံတားရေလယ်တိုင်တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ပြီး မကြာမီအတွင်း ကွဲခြံရေကျော်မြစ်ကူးတံတားတည်ဆောက်ပြီးစီးသွားပါက မော်လမြိုင်ကျွန်းမြို့မှ မော်လမြိုင်ကျွန်း-မအူပင်-ရန်ကုန်အဝေးပြေးမော်တော်ကားလမ်းနှင့် မော်လမြိုင်ကျွန်း-ဘိုကလေး-ဒလ အဝေးပြေးမော်တော်ကားလမ်းနှစ်သွယ်မှ ရန်ကုန်မြို့သို့ နေ့ချင်းပြန်သွားလာနိုင်မည်ဖြစ်ကြောင်းသိရသည်။

**(မော်ကျွန်းမြင့်အောင်)**

## ရေဦးမြို့မူးမြစ်ကူးတံတားအနီး မကျည်းတော - ကုက္ကိုစုလမ်းဆုံ၌ ရထားတိမ်းမှောက်မှုဖြစ်ပွား

**ရေဦး ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် တင်းတိမ်ရုံဘူတာမှ ထွက်လာသော ရထားအမှတ် (အာဘီအီး) ၂၅၁၅ အထူးရထား စက်ခေါင်းတွဲသည် ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်က ရေဦးမြို့ မူးမြစ်ကူးတံတားအနီးမကျည်းတော-ကုက္ကိုစုလမ်းဆုံ မိုင်တိုင်အမှတ် (၅၁၆) ၁၂ /၁၃ အရောက်၌ရထားလမ်းချော်ကာ သံလမ်းယာဘက်သို့ လဲကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရထားတွဲပေါ်တွင် ခရီးသည် တစ်ဦးတစ်ယောက်မျှလိုက်ပါလာခြင်းမရှိဘဲ ရထားဝန်ထမ်းများဖြစ်သည့် ဦးတိုးမောင်၊ စက်ခေါင်းမောင်း (၂) ဦးမင်းဆွေထူး၊ လ/ထ စက်ခေါင်းမောင်းနှင့် ဦးအောင်မျိုးသန့် ကက-၅ (စက်ပြင်) တို့သုံးဦးသာလိုက်ပါလာပြီး တစ်စုံတစ်ရာမျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း မြန်မာ့မီးရထားလုပ်ငန်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အမှုမှန်ပေါ်ပေါက်ရေးအတွက် မြို့နယ်တာဝန်ရှိသူများနှင့် မြန်မာ့မီးရထား လုပ်ငန်းဆိုင်ရာ တာဝန်ရှိသူများက စစ်ဆေးလျက်ရှိသည်။ မီးရထားမောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် ဒေသခံပြည်သူများက လိုအပ်သော ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက် (ရေဦး)**

### ❍ လက်ရှိချန်ပီယံမှ

၈၇ မိနစ်တွင် ဝါရင့်တိုက်စစ်မှူး ရန်ပိုင်တို့က သွင်းယူပေးခဲ့သည်။

(သုဝဏ္ဏကွင်း)
မကွေး-တစ်ဂိုး
(ကိုကိုနိုင်)
ရခိုင်-ဂိုးမရှိ
(အောင်ဆန်းကွင်း)
ချင်းယူနိုက်တက်-တစ်ဂိုး
(မက်သယူး-ပင်နယ်တီ)
မနောမြေ-ဂိုးမရှိ

## ပြည်တွင်းရေးရာ

❒ **ကျောဖုံးမှ**

ဧရာဝတီတိုင်းဒေသကြီးမှ ၁၃၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ တစ်ဦးနှင့် ရခိုင်ပြည်နယ်မှ ၁၁ ဦးတို့ဖြစ်ပြီး ယင်းရေလုပ်သားများသည် အိန္ဒိယရေပိုင်နက်အတွင်း တရားမဝင်ရောက်ရှိခဲ့သဖြင့် အိန္ဒိယဥပဒေအရ ပြစ်ဒဏ်ကျခံခဲ့ပြီး မြန်မာနိုင်ငံသားဖြစ်ကြောင်း အတည်ပြုချက် ရရှိပြီးသူများဖြစ်သည်။

အိန္ဒိယသမ္မတနိုင်ငံ ပို့ဘလဲယားမြို့၌ ထိန်းသိမ်းထားသော ကျန်ရှိနေသေးသည့် မြန်မာရေလုပ်သားများအား ဇန်နဝါရီ ၁၉ ရက်တွင် ဆက်လက်ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## စက်ဘီးဝါသနာရှင်များ ရန်ကုန်မှ ဖျာပုံသို့ စက်ဘီးစီးနင်းသွားရောက်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ဝါသနာရှင် စက်ဘီးစီးနင်းသူလူငယ်များသည် ဇန်နဝါရီ ၁၈ ရက် နံနက် ၅ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စုရပ်မှတစ်ဆင့် ဖျာပုံမြို့သို့ စက်ဘီးဖြင့် စီးနင်းသွားရောက်ခဲ့ကြကြောင်း မြန်မာနိုင်ငံစက်ဘီးစီးနင်းသူများကွန်ရက်(BNM)မှ သိရသည်။

အဆိုပါခရီးစဉ်တွင် ရန်ကုန်မြို့မှ ၇၅ မိုင်ကွာဝေးသည့် ဖျာပုံမြို့သို့ စက်ဘီးဖြင့် စီးနင်းသွားရောက်ခဲ့ကြကာ အပြန်ခရီး၌ ည ၇ နာရီတွင် သင်္ဘောဖြင့် ပြန်လာကြမည်ဟု သိရသည်။ ရန်ကုန်မြို့တွင်း ဝါသနာအရ စီးနင်းသွားလာနေသည့်အပြင် တနင်္ဂနွေနေ့လို ရက်များတွင် အသွားအပြန် မိုင် ၁၀၀ ဝန်းကျင်ခန့်ရှိသော ပဲခူး၊ မှော်ဘီ၊ တိုက်ကြီး(ဖူးကြီးဆည်၊ eleven hills၊ ငါးဆူတောင်၊ ပန်းတစ်ပွင့်တောင်)၊ သန်လျင်၊ ကျောက်တန်း၊ တွံတေး၊ ညောင်တုန်း စသောဒေသများသို့ သွားရောက်တတ်ကြပြီး ယခုအခါ ဖျာပုံမြို့သို့ စီးနင်းခရီးနှင်ခဲ့ကြခြင်းလည်းဖြစ်သည်။

မကြာသေးခင်ကလည်း ချင်းပြည်နယ်သို့ တောင်တက်ခရီးကြမ်း စက်ဘီးစီးနင်းကာ သွားရောက်ခဲ့ကြကြောင်း သိရသည်။ စက်ဘီးစီးနင်းမှုသည် ကျန်းမာရေးအတွက် အထောက်အကူပြုသလို သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်မှုမဖြစ်စေဘဲ ကောင်းကျိုးများရှိခြင်းကြောင့် ယခုအခါ ကမ္ဘာလှည့် အချို့ပင်လျှင် စက်ဘီးစီးနင်းလာကြကြောင်း သိရသည်။ သို့ရာတွင် ယာဉ်အန္တရာယ်မကြုံစေရန် ဦးထုပ်များဆောင်း၍ စက်ဘီးစီးဝတ်စုံများကို ဝတ်ဆင်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စီးနင်းသွားလာကြရန် ဝါသနာအရ စက်ဘီးစီးနင်းသူများကို အဆိုပါကွန်ရက်မှ နှိုးဆော်ထားလျက်ရှိကြောင်း သိရသည်။

**(၆၈၀)**



❖ **ဆည်မြောင်းမှ**

သို့ဖြစ်၍ ရေရရှိရေးအတွက် ဆည်မြောင်းတာတမံ တည်ဆောက်ခြင်းလုပ်ငန်းများသည် မြန်မာ့လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်တည်မြဲရေးအတွက် များစွာအရေးပါ အထောက်အကူပြုပါသည်။ မြန်မာနိုင်ငံ၌ ပုဂံခေတ်မှ ယနေ့ခေတ်အထိ ရှေးမင်းအဆက်ဆက်နှင့် နိုင်ငံအကြီးအကဲများသည် ဆည်မြောင်းတာတမံ တည်ဆောက်ရေးလုပ်ငန်းများကို လူ့သမိုင်းနှင့်ဆက်စပ်ယှဉ်တွဲ၍ အရေးကြီးလုပ်ငန်းစဉ်တစ်ခုအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ဆည်မြောင်းတာတမံ တည်ဆောက်ခြင်းလုပ်ငန်းဆိုသည်မှာ အကြမ်းအားဖြင့် စိုက်ပျိုးသီးနှံအလိုက် လိုအပ်သော စိုက်ပျိုးရေကို လယ်ယာလုပ်ကွက်များသို့ စနစ်တကျပေးသွင်းရန်၊ စိုက်ပျိုးရေးအတွက် မလိုအပ်သော ရေကို ထုတ်နုတ်ကာကွယ်ပေးရန် ဆောင်ရွက်ရသောလုပ်ငန်းဖြစ်ကြောင်း သိရသည်။ ဆည်မြောင်းတာတမံများတည်ဆောက်ရာတွင် မြစ်များ၊ ချောင်းများ၏ အထက်ပိုင်း၌ တည်ဆောက်ရပြီး စိုက်ပျိုးရေရရှိရေးနှင့် သောက်သုံးရေ၊ လျှပ်စစ်ဓာတ်အားရရှိရေးတို့အပြင် မြစ်ရေ၊ ချောင်းရေလျှံတက်ရေကြီးခြင်းဘေးများကို ကာကွယ်နိုင်ရန်အတွက်လည်း တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

ဆည်မြောင်းတာတမံများတည်ဆောက်ရာ ရေဝပ်ဧရိယာတွင် ကျရောက်သည့် သစ်တော၊ သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို ဆည်မြောင်းဦးစီးဌာနနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ရပြီး ရေဝေရေလဲ သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်းကို သစ်တောဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့သည့် ဆည်မြောင်းလုပ်ငန်း ၂၄၁ ခုမှ ဆည်ရေဝပ်ဧရိယာစုစုပေါင်း ၄၃၃၈၁၈ ဧကရှိပြီး အကျိုးပြုဧရိယာစုစုပေါင်း ၂၉၄၃၇၅၅ ဧကကို ရေပေးဝေနိုင်ခြင်း၊ ရေဘေးကာကွယ်နိုင်ခြင်းနှင့် လျှပ်စစ်ဓာတ်အား ၆၂၄ ဒသမ ၂ မဂ္ဂါဝပ်ကိုလည်း ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ကြောင်း သိရသည်။ ဆည်မြောင်းတာတမံများတည်ဆောက်ရာတွင် ခုတ်ထွင်ရှင်းလင်းရသည့် သစ်တော၊ သစ်ပင်များ၏ ဆုံးရှုံးမှုတန်ဖိုးသည် လူတို့အကြောင်းအမျိုးမျိုးဖြင့် ခုတ်လှဲပစ်ကြသည့် သစ်တော၊ သစ်ပင်များထက်စာလျှင် ပမာဏအနည်းငယ်ခန့်သာရှိဟု ဆိုသည်။ ထို့အပြင် ဆည်မြောင်းတာတမံတည်ဆောက်ခြင်းလုပ်ငန်းများအတွက် ဆုံးရှုံးသွားသည့် သစ်တော၊ သစ်ပင်တို့၏တန်ဖိုးထက် သက်ဆိုင်ရာလူ့အဖွဲ့အစည်းအတွက် စိုက်ပျိုးရေ၊ သောက်ရေသုံးရေ၊ လျှပ်စစ်ဓာတ်အားစသည်တို့ကို ပြန်လည်ရရှိသုံးစွဲနိုင်သည့် အကျိုးကျေးဇူးများသည် အဆပေါင်းများစွာ ကြီးမားသည်ကို တွေ့ရှိနိုင်သည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် (Main Land) အကြီးဆုံးနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၉၀ ခုနှစ်၌ သစ်တောဧရိယာသည် နိုင်ငံဧရိယာ၏ ၅၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၅၀ ဒသမ ၂ ရာခိုင်နှုန်းသာရှိတော့ကြောင်း F.A.O ၏ သုတေသနစာတမ်းတစ်ခုတွင် တွေ့ရသည်။ ယင်းတို့သည် မြစ်၊ ချောင်းများ၏ ရေဝေရေလဲဧရိယာများဖြစ်ကြသည်။ ဆည်မြောင်းဦးစီးဌာနမှ ၁၉၈၈ ခုနှစ် နောက်ပိုင်းတည်ဆောက်ခဲ့သည့် ဆည်မြောင်းလုပ်ငန်းများ၏ ရေဝေရေလဲ ဧရိယာမှာ စတုရန်းမိုင် ၅၆၃၆၁ သာရှိသည်။ ရေဝေရေလဲဧရိယာများအား စနစ်တကျ သစ်တော၊ သစ်ပင်များ ထိန်းသိမ်းစိုက်ပျိုးခြင်းအားဖြင့် မြန်မာ့လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်တည်မြဲရေးအတွက် အဓိကအကျိုးပြုလျက်ရှိသော ဆည်မြောင်းလုပ်ငန်း တာတမံများအနည်ပို့ချတိမ်ကောခြင်းမှ ကာကွယ်စောင့်ရှောက်ရာလည်း ရောက်သည်။ ရေဝေရေလဲဧရိယာများအတွင်း နှစ်ပေါင်းများစွာ စည်းကမ်းတကျမဟုတ်သော သစ်ပင်ခုတ်လှဲခြင်းများကို ကာကွယ်တားဆီး ရန်လိုအပ်လျက်ရှိပြီး ပြုန်းတီးပျက်စီးသွားသော သစ်တော၊ သစ်ပင်များကို ရှင်သန်ကြီးထွားလာအောင် စနစ်တကျစိုက်ပျိုးစောင့်ရှောက်ရန်လည်း လိုအပ်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ Surface Water မြေပေါ်ရေစီး(မြစ်ရေ၊ ချောင်းရေ) အရင်းအမြစ်သည် နှစ်စဉ်ပမာဏ ဧကပေ ၈၇၆ သန်းခန့်ရှိပြီး မြေအောက်ရေအရင်းအမြစ်ပမာဏမှာ ဧကပေ ၄၀၁ သန်းခန့်ရှိသည်ဟု သက်ဆိုင်ရာပညာရှင်များက ခန့်မှန်းတွက်ချက်ကြသည်။ ယင်းကဲ့သို့ ရေအရင်းအမြစ်ပေါကြွယ်ဝသည့် မြန်မာနိုင်ငံတွင် မြန်မာ့လူ့အဖွဲ့အစည်းတည်မြဲရေးအတွက် များစွာအရေးပါသည့် ဆည်မြောင်းတာတမံတည်ဆောက်ခြင်းလုပ်ငန်းများကို ခေတ်အဆက်ဆက်အရေးကြီးလုပ်ငန်းစဉ်အဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း ယနေ့အထိ တည်ဆောက်ပြီးစီးသည့် ဆည်မြောင်းတာတမံများသည် မြန်မာနိုင်ငံ၏ ၅၁ သန်းကျော်သော လူဦးရေ၏ စိုက်ပျိုးရေ၊ သောက်ရေသုံးရေနှင့် လျှပ်စစ်ဓာတ်အားတို့အား လုံလောက်စွာဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးပေ။ ထို့ကြောင့် နိုင်ငံအတွက် လိုအပ်သောရေအရင်းအမြစ်များ ထိန်းသိမ်းရရှိအသုံးချနိုင်ရေးအတွက် ဆည်မြောင်းတာတမံတည်ဆောက်ခြင်းလုပ်ငန်းများကို ရှေ့အနာဂတ်တွင် ကြိုးစားဆောင်ရွက်သွားသင့်ကြောင်း တင်ပြလိုက်ရပါသည်။

**ချမ်းသာ(မိတ္ထီလာ)**

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

# ကြော်ငြာနှုန်းထားများ ၁-၂-၂၀၁၅ ရက်နေ့မှ စတင်၍ လျှော့ချဝန်ဆောင်မှုပေးမည်

ကြေးမုံသတင်းစာကို ၁-၁-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ မြန်မာ့အလင်းသတင်းစာကို ၄-၁-၂၀၁၅ ရက်နေ့တွင် လည်းကောင်း ရောင်စုံသတင်းစာ ၃၂ မျက်နှာအဖြစ် ပြောင်းလဲထုတ်ဝေလျက်ရှိပါသည်။ ထိုသို့ ရောင်စုံစာမျက်နှာများအဖြစ် ပြောင်းလဲထုတ်ဝေမှုနှင့်အတူ ၁-၂-၂၀၁၅ ရက်နေ့မှစတင်၍ ကြော်ငြာနှုန်းထားများကို အောက်ပါအတိုင်း လျှော့ချသတ်မှတ်၍ ဝန်ဆောင်မှုပေးသွားမည် ဖြစ်ပါသည် -

| စဉ် | ကြော်ငြာအမျိုးအစား | ရောင်စုံကြော်ငြာ | | အဖြူအမည်းကြော်ငြာ | |
|---|---|---|---|---|---|
| | | လက်ရှိ နှုန်းထား | လျှော့ချမည့် နှုန်းထား | လက်ရှိ နှုန်းထား | လျှော့ချမည့် နှုန်းထား |
| ၁ | ဌာနဆိုင်ရာကြော်ငြာ<br>(၁ လက်မ × ၁ ကော်လံ)<br>၃၁" နှင့် အထက် စီးပွားရေးနှုန်းထားအတိုင်း | ၁၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၇၅၀၀ |
| ၂ | လူမှုရေးကြော်ငြာ<br>(၁ လက်မ × ၁ ကော်လံ) | ၁၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၇၅၀၀ |
| ၃ | စီးပွားရေးကြော်ငြာ | | | | |
| | (ရှေ့-စာမျက်နှာ) (၁ လက်မ × ၁ ကော်လံ) | ၄၀၀၀၀ | ၄၀၀၀၀ | | |
| | (နောက်-စာမျက်နှာ) (၁ လက်မ ×၁ ကော်လံ) | ၃၀၀၀၀ | ၃၀၀၀၀ | | |
| | [(အတွင်းစာမျက်နှာများ)(၁ လက်မ × ၁ ကော်လံ) | | | | |
| | (၁"×၂၀. ၅ လက်မ)အထိ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၁၅၀၀ | ၁၀၀၀၀ |
| | (၂၁"×၄၀. ၅လက်မ)အထိ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၁၁၅၀၀ |
| | (၄၁"×၆၀. ၅လက်မ)အထိ | ၁၉၀၀၀ | ၁၆၀၀၀ | ၁၄၅၀၀ | ၁၃၀၀၀ |
| | (၆၁"× ၈၁ လက်မ)အထိ] | ၂၁၅၀၀ | ၁၈၅၀၀ | ၁၆၀၀၀ | ၁၄၅၀၀ |

**ယခင်နှုန်းထားအတိုင်း ပြောင်းလဲမှုမရှိသော ကြော်ငြာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

| စဉ် | ကြော်ငြာအမျိုးအစား | ရောင်စုံ | အဖြူ/အမည်း | မှတ်ချက် |
|---|---|---|---|---|
| ၁ | သုတ၊ ရသဆိုင်ရာစာအုပ်ကြော်ငြာ<br>(ဂျာနယ်/မဂ္ဂဇင်းကြော်ငြာများမပါ)<br>(၁ လက်မ × ၁ ကော်လံ) | ၆၀၀၀ | ၄၅၀၀ | ၁-၁၂-၂၀၁၄ ရက်မှစ၍ ထက်ဝက် လျှော့ချခဲ့သည့် နှုန်းထားအတိုင်းဖြစ်ပါသည်။ |
| ၂ | နာရေးကြော်ငြာ<br>(၁ လက်မ × ၁ ကော်လံ) | ၃၀၀၀ | ၃၀၀၀ | |

ကြော်ငြာနှုန်းထားများ လျှော့ချသတ်မှတ်ပြီး ဝန်ဆောင်မှုပေးမည့်အစီအစဉ်အား ကြော်ငြာရှင်များသိရှိနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက ကြေးမုံသတင်းစာတိုက်သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

**ကြေးမုံသတင်းစာတိုက်**

အာရပ်-အစ္စရေး ၁၉၇၃ ခုနှစ် အောက်တိုဘာစစ်ပွဲအပြီးတွင် အာရပ်ကမ္ဘာအသိုက်အဝန်းအတွင်း ကန့်ကွက်မှုများ၊ ငြင်းခုံမှုများရှိလင့်ကစား အီဂျစ်နှင့် အစ္စရေးနှစ်နိုင်ငံတို့သည် ၁၉၇၈ ခုနှစ် စက်တင်ဘာလတွင် အမေရိကန်ပြည်ထောင်စု မေရီလင်းပြည်နယ် ဒေးဗစ်စခန်း၌ ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြ၍ စစ်ပွဲကြီးများကို မျက်မှောက်ကာလတိုင် ရှောင်လွှဲနိုင်ခဲ့သည်။

အာရပ်နှင့် အစ္စရေးတို့သည် စစ်ပွဲကြီးပေါင်း လေးကြိမ်ဖြစ်ပွားခဲ့ကြရာတွင် စစ်ပွဲကြီးများမှာ အချိန်တိုအတွင်း ပြီးဆုံးခဲ့သော်လည်း ငြိမ်းချမ်းရေးမှာမူ ကြာရှည်လှသည်။ စတုတ္ထစစ်ပွဲအပြီးတွင် ဦးစွာအပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးကို ဦးတည်သော စေ့စပ်ဆွေးနွေးရေး၊ တပ်ခွဲခြားရှင်းလင်းရေး၊ စစ်သုံ့ပန်းများလဲလှယ်ရေး၊ ငြိမ်းချမ်းရေးအဆိုပြုချက်များနှင့် ငြိမ်းချမ်းရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးရေးစသည်ဖြင့် အဆင့်ပေါင်းများစွာ၊ အခက်အခဲပေါင်းများစွာကြားမှ ငြိမ်းချမ်းရေးကို စိတ်ရှည်သည်းခံ ကြိုးပမ်းတည်ဆောက်ခဲ့ရသည်။

အီဂျစ်နှင့်အစ္စရေးတို့သည် အပစ်အခတ်ရပ်စဲပြီးနောက် ကီလိုမီတာ ၁၀၁ ဆွေးနွေးပွဲမှသည် ဒေးဗစ်စခန်းငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီချက်နှင့်အဆိုပါ ဒေးဗစ်စခန်းသဘောတူညီချက်များအရ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ရန် ဝါရှင်တန်ဆွေးနွေးပွဲအထိ အစည်းအဝေးပေါင်းများစွာ၊ ကွန်ဖရင့်ပေါင်းများစွာနှင့် နှစ်ဖက်ကြားဖြတ် သဘောတူညီချက်ပေါင်းများစွာတို့ကို တစ်ဆင့်ပြီးတစ်ဆင့် ကျော်ဖြတ်ခဲ့ကြရသည်။

မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့သော နှစ်ပေါင်း ၆၀ ကျော်ကြာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းနိုင်ရေးအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှု ကော်မတီ (NCCT)တို့သည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်(Nationwide Ceasefire Agreement- NCA)ကို အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နှစ်ဖက်ကိုယ်စားလှယ်များအပါအဝင် မြန်မာပြည်သူတစ်ရပ်လုံးကလည်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လာမည့် ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)တွင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် အထူးမျှော်လင့်နေကြသည်။ Nationwide Ceasefire Agreement (NCA) ကို လက်မှတ်ရေးထိုးပြီးပါက ငြိမ်းချမ်းရေးအတွက် အဓိကအကျဆုံးဖြစ်သည့် နိုင်ငံရေးဆွေးနွေးပွဲကြီးကို အမြန်ဆုံးစတင်နိုင်ရေးအတွက်လည်း အထူးလိုလားတောင့်တနေကြသည်။

သို့အတွက် ယခုအပတ် ပြည်သူ့အသံ ပြည်သူ့အကြံကဏ္ဍတွင် ထင်ရှားကျော်ကြားသူ အချို့၏ ငြိမ်းချမ်းရေးရင်ခုန်သံ-၂၀၁၅ ကို ကောက်နုတ်စုစည်းတင်ပြလိုက်ရပါသည်။

# ပြည်သူ့အသံ ပြည်သူ့အကြံ

**ဦးတီခွန်မြတ်**
**ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ**

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ပြည်သူတွေအားလုံးကလည်း လိုလားနေကြတယ်။ အောင်မြင်စေချင်တယ်။ ဒါမှသာ နောင်လာမယ့် မျိုးဆက်သစ်တွေထံ ဒီထက်ကောင်းမွန်တဲ့အခြေအနေကို လွှဲပေးသွားတာမျိုးဖြစ်မယ်။ ကျွန်တော်တို့ ဒီလိုဆန္ဒရှိပါတယ်။ အားလုံးကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စည်းစည်းလုံးလုံးဖြစ်စေချင်တယ်။ ဥမကွဲသိုက်မပျက်ဖြစ်စေချင်တယ်။ အမျိုးသားအားလုံး ပြန်လည်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြစ်ဖို့ပဲ လိုလားပါတယ်။ တိုင်းရင်းသားပြည်သူတွေလည်း ဒါပဲလိုလားတယ်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်ပြီးလုပ်နေတာကို ကျွန်တော်တို့ ဝိုင်းဝန်းထောက်ခံနေပါတယ်။

**ဦးလှမောင်ရွှေ**
**အကြီးတန်းအကြံပေး**
**မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန(MPC)**

အခု ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၅ ရက်တွေ့ဆုံပွဲမှာလည်း တိုင်းရင်းသားတွေဘက်ကရော နိုင်ငံတော်သမ္မတကရော ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှာကျရောက်မယ့် ပြည်ထောင်စုနေ့အခါသမယမှာ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ရင် ကောင်းမယ်ဆိုတဲ့ ရည်မှန်းချက်ကို နှစ်ဖက်စလုံးကရှိပါတယ်။ အဲဒီအတွက်လည်း နှစ်ဖက်စလုံးက ရည်မှန်းပြီး ကြိုးစားနေပါတယ်။

NCCT ဘက်မှာတော့ ပထမ ဇန်နဝါရီ ၁၂ ကနေ ၁၅ ရက်အတွင်းမှာ သူတို့ရဲ့ တစ်ဖက်နိုင်ငံမှာလုပ်မယ့် အစည်းအဝေးတွေကိုဆောင်ရွက်ဖို့ ပြင်ဆင်နေတယ်လို့ ကျွန်တော်တို့ကြားရပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ဒီအတွက်ကို အတတ်နိုင်ဆုံး ဝိုင်းပြီးဆောင်ရွက်ပေးနေပါတယ်။ အခုတော့ သူတို့ဘက်က ရက်ရွှေ့သွားပြီး ဇန်နဝါရီ ၁၉ ရက်ကနေ ၂၁ ရက်မှပဲ လုပ်နိုင်မယ့် သဘောရှိတော့ သူတို့အစည်းအဝေးပြီးတဲ့အချိန်မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့ဘက်က ညှိနှိုင်းမှုတွေလုပ်ပြီးတော့ ဖေဖော်ဝါရီ ၁၂ ရက်နေ့ဖြစ်အောင် ကျွန်တော်တို့ ကြိုးစားနေကြတယ်။ဖေဖော်ဝါရီ ၁၂ ရက်နေ့မှာ ဖြစ်နိုင်မယ်ဆိုရင်တော့ အကောင်းဆုံးပေါ့လေ။ အားလုံးအတွက်လည်း အကောင်းဆုံးပဲပေါ့လေ။

တကယ်လို့ ၁၂ ရက်နေ့မဟုတ်တောင်မှ အဲဒါနဲ့ အနီးစပ်ဆုံးရက်မှာ ထိုးနိုင်ဖို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့လုပ်ငန်းကော်မတီက ကြိုးစားနေပါတယ်။ တကယ့်အရေးကြီးတဲ့ လိပ်ခဲတည်းလည်းဖြစ်မယ်လို့ ပြောမယ့်အချက်က (၃)ချက်လောက်ပဲ ကျန်ပါတယ်။ အဓိကကတော့ ကျွန်တော်ထင်တယ်။ အချက်အလက်ထက် ယုံကြည်မှုရှိအောင် ဆောင်ရွက်နေရတဲ့ကိစ္စက ပိုများများသလားပေါ့၊ ကျွန်တော့်အမြင်ပေါ့။

အာရပ်-အစ္စရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲတို့၊ အမေရိကန်-ဗီယက်နမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲတို့နဲ့ ချိန်ထိုးပြီးကြည့်ရင် အတော်ခရီးရောက်သလားဆိုတဲ့ မေးခွန်းကမှန်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်းနဲ့ ချီပြီးတော့ဖြစ်ခဲ့တဲ့ ပဋိပက္ခတွေကို ချုပ်ငြိမ်းဖို့လုပ်ရတာ လွယ်တဲ့အလုပ်တော့မဟုတ်ပါဘူး။

ဒါပေမယ့် သမ္မတကြီး ဦးသိန်းစိန်ရဲ့ လေးနှစ်တာကာလထဲမှာ ရောက်လာတဲ့ခရီးက နိုင်ငံတကာ လေ့လာသူများဘက်ကကြည့်ရင်တော့ အတော်ကို ခရီးရောက်တယ်။

## ခင်မောင်ထွေး

အံ့အားသင့်ဖွယ်ရာ ရောက်ရှိခဲ့တယ်လို့တော့ သူတို့မှတ်ချက်ပြုပါတယ်။ ပြည်သူလူထုနဲ့ ကျွန်တော်တို့ မီဒီယာမှာတော့ သူတို့က ဒီထက်ပိုပြီးမြန်စေချင်တာကိုလည်း ကျွန်တော်တို့ သဘောတူပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ညှိနှိုင်းရတဲ့အဖွဲ့တွေ ခုနတုန်းက ညွှန်းဆိုမေးထားသလိုပဲ အာရပ်-အစ္စရေးတို့လိုမျိုး အဖွဲ့တစ်ဖွဲ့ နှစ်ဖွဲ့နဲ့ဆွေးနွေးနေတာမဟုတ်ဘဲ အဖွဲ့တွေ အများကြီးနဲ့ဆွေးနွေးနေတာဖြစ်တော့ အချို့နေရာတွေမှာလည်း အခက်အခဲတွေရှိတာပါပါတယ်။ ဒါပေမယ့် ခြုံပြီး သုံးသပ်ရရင် ဒီဘက်နှစ်အတွင်း သုံးနှစ်ခွဲလောက်ရောက်ခဲ့တဲ့ ညှိနှိုင်းရေး ဆွေးနွေးပွဲအတွင်းမှာတော့ နိုင်ငံတကာစံနှုန်းနဲ့ကြည့်ရင် ကျွန်တော်တို့ရောက်ခဲ့တဲ့ ခရီးကအတော့်ကို ရှေ့ကို ရောက်တယ်ဆိုတာ နိုင်ငံတကာကျွမ်းကျင်သူများ အားလုံးက တညီတည်း မှတ်ချက်ချပါတယ်။

ငြိမ်းချမ်းရေးဆိုတာကတော့ ချဉ်းကပ်တဲ့ပုံသဏ္ဍာန်က တစ်ဖက်နဲ့တစ်ဖက် မတူပါဘူး။ ကျွန်တော် ခုနကပြောသလို ယုံကြည်မှုတည်ဆောက်ရတဲ့ အလုပ်ကလည်း လွယ်တဲ့ အလုပ်မဟုတ်ဘူး။ ဒါပေမယ့် နိုင်ငံတော်သမ္မတအနေနဲ့ ပြီးခဲ့တဲ့ ကချင်ပြည်နယ်နေ့လိုနေ့မျိုးမှာ တကူးတက ကချင်ပြည်နယ်ကိုသွားပြီးမှ အများပြည်သူလူထုနဲ့ အတူတကွ ကချင်မနောပွဲကို ဆင်နွှဲတယ်။ ဘာသာရေးအသင်းအဖွဲ့တွေနဲ့ သွားရောက်တွေ့ဆုံခဲ့တယ်ဆိုတာ အားလုံးက နိုင်ငံတော်သမ္မတအနေနဲ့ လိုအပ်နေတဲ့ယုံကြည်မှုကို ပိုပြီး တည်ဆောက်နေတဲ့အနေအထားပါပဲ။

လက်ရှိကြိုးပမ်းဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်က အကောင်းဆုံးနဲ့ အဆုံးသတ်မယ်လို့ ကျွန်တော်ကတော့ လုံးဝယုံကြည်ပါတယ်။ လက်ရှိအစိုးရလက်ထက်မှာ လုပ်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ တပ်မတော်၊ လွှတ်တော်အစုအဖွဲ့ အားလုံးက စိတ်ကောင်း နှလုံးကောင်းနဲ့ အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်တယ်လို့လည်း ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

**ဦးခိုင်မောင်ရည်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

တကယ်တော့ ဒီ အစိုးရသစ်လက်ထက်မှာ ငြိမ်းချမ်းရေးအတွက် အတော်ကြီး ကြိုးစားခဲ့တာကို ကျွန်တော်တို့တွေ့ရပါတယ်။ ဒါလည်း လက်ခံရမှာပါ။ နောက်တစ်ခုကတော့ ငြိမ်းချမ်းရေးအဖွဲ့အစည်းတွေဖြစ်တဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေက လက်ရှိအုပ်ချုပ်ရေးရဲ့ အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတနဲ့ စားပွဲဝိုင်းထိုင်နိုင်တဲ့အဆင့်ရှိနေကြပါပြီ။ ဒီလိုမျိုးအခြေအနေအထိ နိုင်ငံ့ခေါင်းဆောင်နဲ့ တစ်စားပွဲထဲမှာ ထိုင်နိုင်တဲ့အဆင့်ရောက်နေကြပြီလို့ ကျွန်တော်တို့က မြင်နေကြတဲ့အခါမှာ ကျွန်တော်တို့လိုပဲ ပြည်သူတွေအနေနဲ့ကလည်း ငြိမ်းချမ်းရေးအနေအထား မကြာခင် ရောက်တော့မယ်လို့ပဲ မျှော်လင့်ကြတာဖြစ်ပါတယ်။

ဒီလိုမျိုး စားပွဲဝိုင်းမှာအတူထိုင်နိုင်ကြပြီး အခမ်းအနားတွေကို အတူတက်ကြပြီးတော့ ဗိုလ်ရှုခံသဘင်ကိုတောင် အားလုံးတက်နိုင်ကြသေးရင် ဒီငြိမ်းချမ်းရေးဆိုတာကို အားလုံးကနေ တစ်သဘောတည်းနဲ့အတူတူ ဆောင်ရွက်ကြရင် မကောင်းပေဘူးလားလို့ ကျွန်တော်တို့မြင်မိပါတယ်။ အဲဒီအတွက် မဝေးတော့တဲ့ ကာလ၊ ဖြစ်နိုင်ရင်တော့ နောက်အစိုးရအသစ်ကို မပြောင်းခင်မှာ အပြီးအပြတ် မြင်ချင်ပါတယ်လို့ ကျွန်တော် သုံးသပ်ပါရစေ။

**ဦးဝင်းမောင်**
**အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်**

ကချင်ပြည်နယ်မှာ လတ်တလောဖြစ်ခဲ့တဲ့ အဖြစ်အပျက်က နှစ်ဖက်စလုံးက ယုံကြည်မှု နည်းနေကြတယ်။ ငြိမ်းချမ်းရေးအတွက်တော့ နည်းနည်းအနှောင့်အယှက်ဖြစ်တာပေါ့လေ။ ကျွန်တော့်အမြင်ပြောရရင် နှစ်ဖက်စလုံးကတွေ့ဆုံပြီး ပွင့်ပွင့်လင်းလင်းပြောကြရင် ကောင်းမယ်လို့ထင်တယ်။ အခုလည်း လုပ်နေကြတာပေါ့။ ဒါပေမယ့် အောက်ခြေမှာ အပြန်အလှန်အထင်လွဲမှားမှုလေးတွေ ရှိနေတဲ့အခါကြတော့ မပြေလည်တာပေါ့လေ။

လက်ရှိ နှစ်ဖက်စလုံးက ပြည်ထောင်စုနေ့မှာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ဖို့ ပြောထားတယ်။ ကျွန်တော်ထင်တာကတော့ ဖေဖော်ဝါရီ ၁၂ ဆိုတာ ဘာပဲပြောပြော ရက်နှစ်ဆယ်လောက်လိုသေးတယ်။ ဒီကြားထဲမှာ ပြေလည်လောက်မယ်ထင်တယ်။ ပြေလည်လိမ့်မယ်လို့လည်း မျှော်လင့်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ အခြားတိုင်းရင်းသားတွေကလည်း ညှိနှိုင်းနေကြတယ်။ ပြေပြေလည်လည်ရှိတယ်လေ။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို အားလုံးက လက်မှတ်ထိုးနိုင်ခဲ့မယ်ဆိုရင် အေးချမ်းသွားမယ်လို့ ကျွန်တော်ထင်တယ်။ ကိုယ့်ပြည်နယ်အတွက် တိုးတက်အောင်လုပ်ချင်တယ်ဆိုရင် သူတို့လည်းပဲ အစိုးရနဲ့လက်တွဲပြီး လုပ်ရင်ကောင်းတာပေါ့။ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ နိုင်ငံတော်အစိုးရအဖွဲ့နဲ့ လက်တွဲပြီး လုပ်လိုက်မယ်ဆိုရင် သူတို့ပြည်နယ်ကြီး ပိုပြီးတိုးတက်မှာပေါ့၊ အဲလိုလေးတွေတော့ သူတို့မြင်စေချင်တယ်ဗျ။

နိုင်ငံတကာရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်တွေနဲ့ ချိန်ထိုးကြည့်ရင်တော့ ကျွန်တော်တို့ဆီက ကိုယ့်အချင်းချင်း နဂိုကတည်းကိုက သွေးစည်းပြီးသားလေ။ လွတ်လပ်ရေးတိုက်ပွဲဝင်စဉ်ကလည်း ကျွန်တော်တို့ တိုင်းရင်းသားတွေ အားလုံးက ပူးပေါင်းပြီး တိုက်ပွဲဝင်ခဲ့ကြတယ်လေ။ အဲဒီသမိုင်းကြောင်းကလည်း တိုင်းရင်းသားတွေ အားလုံးမှာ ရှိနေတယ်။ အခုလည်းပဲ နိုင်ငံတော်သမ္မတကြီးက အမြဲတမ်း ဖိတ်ခေါ်နေတယ်လေ။ ကျွန်တော်ထင်ပါတယ်။ အခု ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်က ပြေပြေလည်လည်ဖြစ်သွားမယ်လို့ထင်ပါတယ်။

**ဦးစိုးနိုင်ဦး**
**ကချင်ပြည်နယ်**
**ဖားကန့်မြို့**

ငြိမ်းချမ်းရေး အမြန်ရစေချင်ပါပြီ။ ဒေသခံတွေအားလုံးကလည်း လက်ရှိအခြေအနေထက် ပိုကောင်းစေချင်တာပေါ့။ ကချင်ပြည်နယ်မှာ လက်ရှိဖြစ်နေတဲ့ တိုက်ပွဲတွေကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအပေါ် စိုးရိမ်တာပေါ့ဗျာ။ ဒီလို ပဋိပက္ခတွေ အမြန်ဆုံးချုပ်ငြိမ်းပြီး အားလုံး ငြိမ်းငြိမ်းချမ်းချမ်းပဲဖြစ်စေချင်တယ်။ အားလုံးက မြန်မြန်ဆန်ဆန်ကို ဖြစ်စေချင်ကြတာပါ။ အခုလို မငြိမ်းချမ်းရင် စိုးရိမ်ပူပန်မှုတွေ ကျွန်တော်တို့မှာ ရှိနေရတယ်။ ။

# လားရှိုးမြို့နယ်၌ ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာ ဘုံမွန်စိုက်ခင်းအနီးတွင် ဇန်နဝါရီ ၁၅ ရက်က သိန်းနီမှ လားရှိုးသို့ ထွန်းစိန် မောင်းနှင်ပြီး လှဦးလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဆိုင်ကယ်လေစစ်ဘူးအတွင်းမှ ဘိန်းဖြူအလေးချိန် ၁၃ ဂရမ်နှင့်စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀ တို့ကို သိမ်းဆည်းရမိသဖြင့် ထွန်းစိန်(၃၀)နှစ် လှဦး(၃၈)နှစ်တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

အလားတူ ဇန်နဝါရီ ၁၆ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှတပ်ဖွဲ့ဝင်များသည် လားရှိုးမြို့အဝင် ဟိုပိတ်အေးရှားဝေါလ်တိုးဂိတ်တွင် သိန်းနီမြို့မှ လားရှိုးသို့ အားဝေ(ခ)သားဝေ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ထိုင်ခုံအတွင်းအံ့ဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀ သိမ်းဆည်းရမိသဖြင့် အားဝေ(ခ)သားဝေ(၂၃)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(မူးယစ်ဗဟို)**

# မိုးရေချိန်စံချိန်သစ်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ အောက်ဖော်ပြပါစခန်း၌ ဇန်နဝါရီလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်။

**မိုးရေချိန်စံချိန်သစ်**

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန် စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | ကျောက်ဖြူမြို့ | ၁၂၈ | ၅. ၀၄ | ၇၅ | ၂. ၉၅ | ၁၀-၁-၂၀၁၁ | ၅၁ |

နည်းပညာ

# ၂၀၁၅/ ၂၀၁၆ အတွက်အကောင်းဆုံးစာရင်းဝင်မည့်ပြိုင်ကား

အမေရိကန်နိုင်ငံတွင် နှစ်စဉ်ကျင်းပလျက်ရှိသော Detroit ကားပြပွဲတွင် လူကြိုက်များရေပန်းစားခဲ့ပြီး ပြိုင်ကားလောကတွင် အကောင်းဆုံးစာရင်းဝင်မည့် ကားတစ်မျိုးကို Ford မှမိတ်ဆက်ပေးခဲ့သည်။ ကား၏ဒီဇိုင်းပိုင်းဆွဲဆောင်မှုကောင်းပြီး ပေါ့ပါးလျင်မြန်မှုနှင့် အင်ဂျင်စွမ်းအင် သင့်တင့်မျှတမှုရှိခြင်းတို့ကြောင့် ပရိသတ်များ စိတ်ဝင်စားခြင်းခံရသည်ဟု အမေရိကန် အွန်လိုင်းမီဒီယာများမှ သိရသည်။ အဆိုပါကားကို ကာဗွန်ဖိုင်ဘာအသုံးပြုကိုယ်ထည်နှင့် သားရေအစစ်အတွင်းပိုင်းထည့်သွင်းထားသည်ဟုသိရသည်။ ပြိုင်ကားအများစုတွင် ထည့်သွင်းလေ့ရှိသည့် V8 အမျိုးအစားအင်ဂျင်အစား V6 အမျိုးအစားအင်ဂျင်ကိုသာ ထည့်သွင်းတပ်ဆင်ထားသည်ဟု သိရသည်။ တစ်နာရီလျှင်မိုင် ၂၀၀ ကျော် အရှိန်မြှင့်တင်မောင်းနှင်နိုင်ပြီး ဂီယာ ၇ ချက်ပါဝင်သည်ဟုလည်း သိရသည်။ ကြီးမားသည့် အိတ်ဇောနှစ်ခုမှာ အဆိုပါကား၏ အဓိကဆွဲဆောင်မှုတစ်ခုဖြစ်နေသည်ဟုလည်း အွန်လိုင်းမီဒီယာများတွင် တွေ့ရသည်။ ထိန်းချုပ်မောင်းနှင်မှုစနစ်၊ လေခွင်းအားကောင်းမွန်မည့် ဦးခေါင်းပိုင်းနှင့် လောင်စာချွေတာနိုင်မှုတို့ကို အထူးအလေးထား ထုတ်လုပ်ထားသည်ဟု Ford မှ ကား၏ဒီဇိုင်းထုတ်လုပ်မှုခေါင်းဆောင်ဖြစ်သူက ပြောကြားထားသည်။ အဆိုပါနှစ်ယောက်စီးပြိုင်ကားကို ယူရို ၂၀၀၀၀၀ ဖြင့် စတင်ရောင်းချသွားမည်ဖြစ်သည်ဟုသိရသည်။ ၎င်းကားကို လာမည့် ၂၀၁၆ ခုနှစ်တွင် အမေရိကန်နှင့် ဥရောပတစ်လွှား လမ်းမများတွင်မြင်တွေ့နိုင်အောင် ဈေးကွက်အတွင်းထိုးဖောက်သွားမည်ဟု Ford ၏ စာမျက်နှာများတွင် တွေ့ရသည်။



# အောင်ဇမ္ဗူကျောင်းဆောင်သစ် လွှဲပြောင်းလှူဒါန်းပေးအပ်ပွဲကျင်းပ

**ရေဦး ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပန်းကုံးကျေးရွာရှိ မူလတန်းလွန်ကျောင်းတွင် အသစ်ဆောက်လုပ်ပြီးစီးသည့် အောင်ဇမ္ဗူကျောင်းဆောင်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ထို့နောက် မင်္ဂလာအချိန် နံနက် ၈ နာရီတွင် အောင်ဇမ္ဗူကျောင်းဆောင်သစ်အား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးက အောင်ဇမ္ဗူစာသင်ခန်းမဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အောင်ဇမ္ဗူဆရာတော်က မော်ကွန်းကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ဆက်လက်၍ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အောင်ဇမ္ဗူသာသနာပြုအဖွဲ့ဥက္ကဋ္ဌက ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူထံလွှဲပြောင်းပေးအပ်သည်။

ယခုဆောက်လုပ်လှူဒါန်းသည့် အောင်ဇမ္ဗူကျောင်းဆောင်သည် အာရ်စီအမျိုးအစား၊ လေးခန်းတွဲနှစ်ထပ်ဖြစ်ကာ ကျောင်းသား ကျောင်းသူ ၄၈၀ စာသင်ကြားနိုင်မည်ဖြစ်ပြီး စုစုပေါင်းငွေကျပ် သိန်း ၁၃၀၀ ကုန်ကျကြောင်း သိရသည်။ အဆိုပါကျောင်းဆောင်ကို ၂၀၁၄ ခုနှစ် ဩဂုတ်လမှ စတင်တည်ဆောက်ခဲ့ပြီး ဒီဇင်ဘာ ၂၅ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ကာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် နိုင်ငံတော်သို့အပ်နှံခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ အောင်ဇမ္ဗူဆရာတော်က "မိမိရပ်ရွာကိုလည်း ကျေးဇူးဆပ်ချင်တယ်။ ရွာက ကလေးသူငယ်ကျောင်းသားကျောင်းသူတွေကိုလည်း အဆင့်မြင့်တဲ့ကျောင်းဆောင်မှာ ပညာဆည်းပူးစေချင်တယ်။ ကွန်ပျူတာပညာရပ်ပါ သင်ကြားနိုင်အောင် ကွန်ပျူတာ ၁၀ လုံး ထားပေးထားတယ်။ ကွယ်လွန်သွားကြပြီဖြစ်တဲ့ ခမည်းတော်၊ မယ်တော်နဲ့ ဆွေမျိုးသားချင်းတွေကိုလည်း ကုသိုလ်ရစေချင်တယ်"ဟု မိန့်ကြားခဲ့သည်။

**ဇေယျာ(မိုင်ရာ)**

# အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီးရုံးချုပ်(မုံရွာ) အာမခံလျော်ကြေးပေးအပ်ပွဲကျင်းပ

**မုံရွာ ဇန်နဝါရီ ၁၈**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီးရုံးချုပ်(မုံရွာ)၏ အာမခံလျော်ကြေး ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက် ၈ နာရီက မုံရွာမြို့ ဝင်းယူနတီဟိုတယ်၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ IKBZ အာမခံလုပ်ငန်း ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးနေမျိုးအောင်က အမှာစကားပြောကြားသည်။

ယင်းနောက် လျော်ကြေးပေးအပ်ခြင်းနှင့်ပတ်သက်၍ ၂၈-၁၂-၂၀၁၄ ရက်တွင် မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့သော (မုံရွာ)မြို့ (စက်မှုဇုန်)ရပ်ရှိ ဦးမောင်မောင်-ဒေါ်မျိုးမျိုးလင်း ပိုင်ဆိုင်သော အဆောက်အအုံအတွက် မီးအာမခံလျော်ကြေး ကျပ် ၂၂၁ သိန်းနှင့် ကြယ်စင်မိုးယာဉ်လိုင်းဖြင့် ခရီးသွားရင်းထိခိုက်သေဆုံးမှုဖြစ်ပွားခဲ့သော မောင်ရှိုင်းကိုကို၏ အထူးခရီးသွား အာမခံလျော်ကြေး ငွေကျပ် သိန်း ၃၀ တို့အား နစ်နာသူကာယကံရှင်များအား ပေးအပ်ခဲ့သည်။

IKBZ အာမခံကုမ္ပဏီသည် မီးနှင့်သဘာဝဘေးအန္တရာယ်များ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ပြည်သူပြည်သားအသက်အာမခံ၊ စုပေါင်းအသက်အာမခံ၊ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ မြေအန္တရာယ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ သမာဓိအာမခံနှင့် အထူးခရီးသွားအာမခံတို့အား တိကျမြန်ဆန်စွာ ဝန်ဆောင်မှုပေးလျက်ရှိကြောင်းနှင့် မကြာမီကာလတွင် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးအာမခံကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



# အချိန်အခါမဟုတ်မိုးကြောင့် ရာသီဥတုနှင့် လျော်ညီစွာနေထိုင်ရန်လိုအပ်

**ကလေး ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဇန်နဝါရီ ၁၆ ရက်မှ စတင်၍ အချိန်အခါမဟုတ် မိုးရွာသွန်းနေမှုကြောင့် ရာသီဥတုနှင့် ဆန့်ကျင်ဘက်ဖြစ်ကာ နာမကျန်းမှုများ မဖြစ်ပေါ်စေရန်အတွက် ရာသီဥတုနှင့် လျော်ညီစွာ နေထိုင်ရန်လိုအပ်နေကြောင်း ဒေသတွင်းပြည်သူများက ပြောဆိုနေကြသည်။

"မိုးလေဝသဦးစီးဌာနက ပြီးခဲ့တဲ့ ဇွန် ၁၄ ရက်ကနေ လာမယ့်၂၀၁၅ ဇွန် ၁၅ ရက်အထိ အယ်လ်နီညိုရာသီဥတုဖြစ်မယ်ဆိုပြီး ကြေညာထားပြီးသားပါ။ အယ်လ်နီညိုဆိုတာက ရာသီဥတုနဲ့ဆန့်ကျင်ဘက်ဖြစ်မယ်။ ဆောင်းတွင်းမှာ မိုးရွာမယ်။ ပူမယ်။ ဒါကို အယ်လ်နီညိုဖြစ်တယ်လို့ ခေါ်ပါတယ်။ ကလေးမြို့မှာ ဇန်နဝါရီ ၁၇ ရက်မှာ မိုးရွာတယ်။ မိုးရေချိန်လက်မ ၀ ဒသမ ၁၂ ရွာတယ်။ ဇန်နဝါရီ ၁၈ ရက်မှာ မိုးရေချိန်လက်မ ၀ ဒသမ ၂၈ ရွာပါတယ်။ ဆောင်းတွင်းကြီးရွာတာဖြစ်တဲ့အတွက် အချိန်အခါမဟုတ်မိုးလို့ပဲခေါ်ပါတယ်"ဟု မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ဦးဝင်းထိန်က ပြောသည်။

"ရာသီဥတုကတော့ ဖောက်ပြန်နေပါတယ်။ အလွန်အေးတဲ့အခါလည်းတအားအေးလာတယ်။ ဆောင်းတွင်းကြီး ပူရင်လည်းပူလာတယ်။ ရေချိုးရင် သတိထားဖို့လိုပါတယ်။နေပူနေတဲ့အချိန်မှာ ချိုးဖို့လိုပါတယ်။ ကလေးတွေ ရင်ဘတ်အအေးပတ်ပြီး ရင်ကျပ်တာတွေဖြစ်တတ်တယ်။ သွေးတိုးရှိတဲ့လူကြီးတွေ သတိထားသင့်တဲ့ရာသီဥတုမျိုးပါ"ဟု ဆရာဝန်ကြီးတစ်ဦးက ပြောသည်။

**(လင်းလက်ကြယ်စင်)**

















## အမေရိကန်နှင့် သုံးပွင့်ဆိုင်မဟာမိတ်ပြုရန် ဂျပန်နှင့် အိန္ဒိယ သဘောတူ

**နယူးဒေလီ ဇန်နဝါရီ ၁၈**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီအိုကီရှီဒါနှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆူဖာဘာဝါ(ရ်)တို့သည် အမေရိကန်နှင့် သုံးနိုင်ငံ မဟာမိတ်ပြုရေးအတွက် စနေနေ့က သဘောတူညီချက်ရခဲ့ကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ သဘောတူညီချက်အရ အိန္ဒိယနှင့်ဂျပန်တို့သည် သုံးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးကို စောစီးစွာ ကျင်းပနိုင်ရန်အတွက် သဘောတူခဲ့ကြသည်။ ဂျပန်နှင့် အိန္ဒိယကျင်းပသော အစည်းအဝေးတွင်ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကီရှီဒါက ဆက်ဆံရေးတိုးတက်လာခြင်းဖြင့် နှစ်နိုင်ငံ လက်တွဲပြီးဒေသတွင်းနှင့် ကမ္ဘာပေါ်ရှိ ပြဿနာများကိုဖြေရှင်းနိုင်မည်ဟု သတင်းထောက်များအား ပြောကြားခဲ့သည်။

ကီရှီဒါက ဆက်လက်ပြောကြားရာတွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များအနေဖြင့် အိန္ဒိယ၊ အမေရိကန်တို့နှင့် ပူးပေါင်းပြီး ရေတပ်စစ်ရေးလေ့ကျင့်မှုကို ဆက်လက်ဆောင်ရွက်မည်ဟု ဆစ်(ရ်)အား ပြောကြားခဲ့သည်။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွင် ဂျပန်နှင့် အိန္ဒိယအနေဖြင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်သည့်အနေဖြင့် နိုင်ငံခြားရေးနှင့်ကာကွယ်ရေးဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် ဆွေးနွေးပွဲများကို စောစီးစွာ ကျင်းပနိုင်ရန် မျှော်လင့်ထားသည်။ **ကျိုဒို။**

## ယူအေအီးနှင့် ပစိဖိတ်ကျွန်းနိုင်ငံများ စွမ်းအင်ဆိုင်ရာ လက်မှတ်ရေးထိုး

**အဘူဒါဘီ ဇန်နဝါရီ ၁၈**

ယူအေအီးညီညွတ်သော အာရပ်စော်ဘွားများနိုင်ငံအနေဖြင့် ပစိဖိတ်ကျွန်းနိုင်ငံ လေးနိုင်ငံနှင့်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် လက်မှတ်ရေးထိုးခဲ့ကြောင်း ယူအေအီးနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဇန်နဝါရီ ၁၇ ရက်ကပြောကြားခဲ့သည်။ ဤလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာသန်း ၅၀ သုံးစွဲမည်ဖြစ်ပြီး နေစွမ်းအင်သုံးလုပ်ငန်းများကို မာရှယ်လ်ကျွန်း၊ နာအူရူ၊ ပလာယူနှင့်ဆော်လမွန်ကျွန်းနိုင်ငံများတွင် ၂၀၁၆ ခုနှစ်တွင် အပြီးတည်ဆောက်နိုင်မည်ဟု ခန့်မှန်းထားသည်။ လုပ်ငန်းသစ်လေးခုနှင့် ပတ်သက်ပြီး နှစ်စဉ်ဒီဇယ်လီတာ စုစုပေါင်း တစ်သန်းခန့်(ဒေါ်လာ ၁ ဒသမ ၂ သန်း) ချွေတာနိုင်မည်ဟု ခန့်မှန်းထားပြီး ကာဗွန်ဒိုင်အောက်ဆိုက်ပေါင်း ၂၇၅၉ တန် သက်သာစေမည်ဖြစ်သည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် ပစိဖိတ်ဒေသတစ်ဝန်း လျှပ်စစ်စွမ်းအင်အတွက် အသက်သာဆုံးသောအရင်းအမြစ်လည်းဖြစ်သည်။ ယူအေအီးနိုင်ငံအနေဖြင့် ၂၀၀၉ ခုနှစ်ကတည်းကပင် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ကဏ္ဍခန့်ခွဲထောက်ပံ့ရာတွင် ဒေါ်လာသန်း ၇၀၀ ခွဲဝေသုံးစွဲခဲ့သည်။ **ဆင်ဟွာ။**

## ဘတ်စ်ကားခတိုးမြှင့်သဖြင့် ဘရာဇီးတွင် ဆန္ဒပြကန့်ကွက်

**ဆော်ပေါ်လို ဇန်နဝါရီ ၁၈**

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့တွင် ဘတ်စ်ကားခနှုန်းများ တိုးမြှင့်သဖြင့် ထောင်ပေါင်းများစွာသော ဆန္ဒပြကန့်ကွက်သူများကို ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများ၊ အသံဗုံးများဖြင့် လူစုခွဲရာတွင် ရုန်းရင်းဆန်ခတ်ဖြစ်ပွားကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဆန္ဒပြသူများက ခွင့်ပြုပေးထားသည့် လမ်းကြောင်းမှ သွေဖည်၍ ချီတက်ကြရာ ရဲတပ်ဖွဲ့က အကြမ်းနည်းဖြင့် တားဆီးခဲ့ပြီး လူမျိုးရေးခွဲခြားသော 'ဘလက်ဘလော့' အုပ်စုဝင်တစ်ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းအုပ်စုများသည် ဆန္ဒပြသူများ၏ ရှေ့မှ နေရာယူချီတက်ကြသည်။စည်းရုံးသူများက ဆန္ဒပြအင်အားစုစုပေါင်း ၂၀၀၀၀ ခန့်ရှိသည်ဟု ပြောသည်။ အာဏာပိုင်များကမူ ၃၀၀၀ နီးပါးရှိသည်ဟု ဆိုသည်။ဆန္ဒပြသူများက ကျောင်းသားများကို ယာဉ်စီးခကင်းလွတ်ခွင့်ပေးရန်လည်း တောင်းဆိုကြသည်။ **အေအက်ဖ်ပီ။**



## အသက်အရွယ်ကြီး ရာဇီဒီလူမျိုးစုဝင် ၂၀၀ခန့်အား အိုင်အက်စ်တို့ လွှတ်ပေး

**ဘဂ္ဂဒက် ဇန်နဝါရီ ၁၈**

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ဖမ်းဆီးခံရသော ရာဇီဒီဘာသာကိုးကွယ်သည့် လူမျိုးနွယ်စုဝင် အသက်အရွယ်ကြီးရင့်သူ ဦးရေ ၂၀၀ ထက်မနည်းကို အိုင်အက်စ်စစ်သွေးကြွများက လွှတ်ပေးလိုက်ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အသက်အရွယ်ကြီးရင့်သူများ အများစုပါဝင်သည့် ရာဇီဒီလူမျိုးအုပ်စုသည် အိုင်အက်စ်တို့ ထိန်းချုပ်ထားသော နယ်မြေကို ဖြတ်ကျော်လာကြပြီး ကီရာကွတ်မြို့အနီး၌ ၎င်းတို့အား ကာ့ဒ်တာဝန်ရှိသူများက လက်ခံခဲ့သည်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့က ၎င်းတို့အား လွှတ်ပေးသည့်အကြောင်းရင်းကိုမူ ရှင်းလင်းစွာ မသိရှိရသေးပေ။

အီရတ်နိုင်ငံမြောက်ပိုင်းတွင် အခြေချနေထိုင်သည့် လူနည်းစု ရာဇီဒီဘာသာဝင်များအား အိုင်အက်စ်စစ်သွေးကြွများက ယမန်နှစ်က တိုက်ခိုက်ခဲ့ရာ ထောင်နှင့်ချီသော ရာဇီဒီလူမျိုးများမှာ သေဆုံးခြင်း သို့မဟုတ် အတင်းအကျပ်ဖမ်းဆီးခြင်းခံခဲ့ရသည်။

ဇန်နဝါရီ ၁၇ရက်က လွတ်မြောက်လာသည့် ရာဇီဒီမျိုးနွယ်စုဝင်အားလုံးနီးပါးမှာ အသက်အရွယ်ကြီးရင့်သူများ သို့မဟုတ် ကျန်းမာရေး ချို့ယွင်းသူများဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

အစောပိုင်းခန့်မှန်းချက်များအရ လွတ်မြောက်လာသူဦးရေ ၃၅၀ ခန့်ရှိမည်ဟု ဆိုခဲ့သော်လည်း နောက်ဆုံးရသတင်းများအရမူ လွတ်မြောက်လာသူဦးရေ ၂၀၀ ခန့်ရှိသည်ဟု ဆိုသည်။

၎င်းတို့အထဲတွင် နာမကျန်းဖြစ်နေသူ ကလေးငယ်အချို့လည်းပါဝင်သည်။ ၎င်းတို့အား ကာ့ဒ်ပက်ရှ်မာဂါတပ်ဖွဲ့ဝင်များက ကျန်းမာရေးဌာနများသို့ တိုက်ရိုက်ခေါ်ဆောင်သွားကာ ဆေးဝါးကုသမှုများ ခံယူစေခဲ့သည်။ **ဘီဘီစီ။**

## ဂျီနီဗာဆွေးနွေးပွဲအပြီး လစ်ဗျားပြည်သူ့စစ်အဖွဲ့များ အပစ်အခတ်ရပ်စဲကြောင်း ကြေညာ

**ထရီပိုလီ ဇန်နဝါရီ ၁၈**

တိုက်ပွဲများ အနှံ့အပြားဖြစ်ပွားနေသည့် လစ်ဗျားနိုင်ငံတွင် စစ်အုပ်စုများအကြား ကုလသမဂ္ဂကကြားဝင်စေ့စပ်ပေးသော ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ သဘောတူညီမှုရရှိပြီးနောက် ပြည်သူ့စစ် မဟာမိတ်များက အပစ်အခတ်ရပ်စဲကြောင်း မကြာသေးမီက ကြေညာခဲ့သည်။

အခြားသောအဖွဲ့များက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လေးစားလိုက်နာသော အခြေအနေတွင် စစ်မျက်နှာအားလုံး၌ အပစ်အခတ်ရပ်စဲရန် ပြည်သူ့စစ်များက သဘောတူကြောင်း ဖာဂျာလစ်ဗျား(လစ်ဗျားအရုဏ်ဦး) အဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

လူသားချင်းစာနာသောအကူအညီပစ္စည်းများ သယ်ယူရာ အန္တရာယ်ကင်းဝေးစေရန်၊ အထူးသဖြင့် အဝိုင်းခံနေရသည့် ဒုတိယမြို့တော် ဘင်ဂါဇီသို့ ဦးတည်သောလမ်းများ ဖွင့်လှစ်ရေးကိုလည်း ကတိပြုကြောင်း ဖော်ပြပါရှိသည်။

ပထမအကြိမ် ဂျီနီဗာဆွေးနွေးပွဲတွင် ပါဝင်ခြင်းမပြုသော မဟာမိတ်များအဖွဲ့က နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများ လစ်ဗျားနိုင်ငံအတွင်းသို့ ဝင်ရောက်ကြခြင်းအား ပို၍ကြိုးစားကာကွယ်ပေးပါရန် နိုင်ငံတကာအဖွဲ့အစည်းသို့ တောင်းဆိုခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို နှစ်ရက်ကြာကျင်းပပြီးနောက် စစ်အုပ်စုများသည် ညွှန့်ပေါင်းအစိုးရဖွဲ့စည်းရေး လမ်းပြမြေပုံကို သဘောတူကြကြောင်း ကုလသမဂ္ဂက ကြေညာခဲ့ပြီး နာရီပိုင်းအကြာတွင် အဆိုပါကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဗိုလ်မှူးကြီး ကဒါဖီကို ၂၀၁၁ ခုနှစ်တွင် ဖယ်ရှားပြီးကတည်းက ပြိုင်ဘက်အစိုးရအဖွဲ့များနှင့် အင်အားကောင်းသော ပြည်သူ့စစ်အဖွဲ့များသည် ရေနံမြေများနှင့် အဓိကမြို့ကြီးများကို ထိန်းချုပ်ရန် အပြင်းအထန်တိုက်ခိုက်ကြသဖြင့် လစ်ဗျားနိုင်ငံမှာ ပျက်စီးယိုယွင်းခဲ့ရသည်။

ဂျီနီဗာဆွေးနွေးပွဲအစတွင် နိုင်ငံပျက်သုဉ်းခြင်းမှ ကာကွယ်ရန် ၎င်းတို့အနေဖြင့် နောက်ဆုံးကြိုးပမ်းချက်ဖြစ်သည်ဟု ကုလသမဂ္ဂ၏ လစ်ဗျားနိုင်ငံဆိုင်ရာ အထူးသံတမန်ဘာနာဒီနိုလီယွန်က သတိပေးခဲ့သည်။

တိုက်ခိုက်မှုများအဆုံးသတ်ရန်အတွက် လုံခြုံရေးအစီအစဉ်လိုအပ်ကြောင်းနှင့် တစ်စိတ်တစ်ဝမ်းတည်းရှိသော ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းရန် နိုင်ငံရေးသဘောတူညီချက်ရရှိရေးတို့ ပါဝင်သော ဆွေးနွေးရေးအစီအစဉ်ဖြန့်ဝေပြီးနောက် ဆွေးနွေးပွဲတက်ရောက်သူအားလုံးက သဘောတူခဲ့ကြသည်ဟု ကုလသမဂ္ဂကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းတို့သည် ဖမ်းဆီးထားသူများအား ပြန်လွှတ်ပေးရန်၊ တိုက်ပွဲများဖြစ်ပွားရာဒေသများသို့ လူသားချင်းစာနာထောက်ထားသော အကူအညီများ ခွင့်ပြုရေးနှင့် ထောက်ပံ့ပေးရန်၊ လေဆိပ်ပြန်ဖွင့်ပေးရန်နှင့် ကုန်းကြောင်း၊ ရေကြောင်းလမ်းများ အန္တရာယ်ကင်းဝေးစေရန် သဘောတူညီခဲ့ကြသည်။

ဆွေးနွေးပြီးနောက် လာမည့်ရက်သတ္တပတ်တွင် နောက်တစ်ကြိမ်ဆွေးနွေးပွဲကျင်းပရန် အဖွဲ့အသီးသီးမှ ကိုယ်စားလှယ်အားလုံးသည် ဂျီနီဗာသို့ ပြန်လာကြမည်ဖြစ်သည်။ **အေအက်ဖ်ပီ။**





## ယီမင်သမ္မတ၏ရုံးအဖွဲ့မှူး ပြန်ပေးဆွဲခံရ

**ယီမင် ဇန်နဝါရီ ၁၈**

ယီမင်သမ္မတ အက်ဒရာဘတ်ချ် မန်ဆွာ ဟာဒီ၏ ရုံးအဖွဲ့မှူးအား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ဇန်နဝါရီ ၁၆ရက်တွင် ဆာနားမြို့မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ဘီဘီစီက ယနေ့ဖော်ပြသည်။

ရုံးအဖွဲ့မှူးအာမက် အဝဒ်ဘင် မူဘာရက်နှင့်သူ၏ အပေါင်းအပါနှစ်ဦးတို့အား ဖမ်းဆီးခေါ်ဆောင်သွားသူများသည် မြို့တော်တွင် ဩဇာတိက္ကမကြီးမားသော ရှီရာဟော်သီ စစ်သွေးကြွများဖြစ်နိုင်ခြေရှိသည်ဟု ယီမင်ရဲအရာရှိများက ထင်မြင်ယူဆကြသည်။

၂၀၁၁ခုနှစ်တွင် သမ္မတဟောင်းကို ပြည်သူများက ရာထူးမှနုတ်ထွက်ပေးရန် ဆန္ဒပြခဲ့သည့် အချိန်မှစပြီး နိုင်ငံအတွင်း မငြိမ်သက်မှုများ စတင်ပေါ်ပေါက်လာခဲ့သည်။ ရှီရာဟော်သီ စစ်သွေးကြွများနှင့် ဆွန်နီအဖွဲ့များအကြား မကြာခဏတိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။

ရုံးအဖွဲ့မှူးအား ဖမ်းဆီးခေါ်ဆောင်ခြင်းမှာ သမ္မတ အစည်းအဝေးပွဲသို့ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်မူကြမ်းတစ်ရပ် တင်သွင်းမည့်အစီအစဉ်ကို ဟန့်တားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် ယီမင်နိုင်ငံကို ဖက်ဒရယ်မူအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများခွဲပြီး အုပ်ချုပ်မည်ဖြစ်သည်။ သို့သော် ဟော်သီစစ်သွေးကြွများနှင့်တောင်ပိုင်းခွဲထွက်ရေးသမားများက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ခုခံချေပကြသည်။ **ဘီဘီစီ။**

## သြစတြေးလျအိုးပင်းပြိုင်ပွဲအား ယုံကြည်မှု အပြည့်ဖြင့် ယှဉ်ပြိုင်မည်ဟု မာရေးပြောကြား



ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးသည် ဇန်နဝါရီ ၁၉ ရက်တွင် စတင်မည့် သြစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ယုံကြည်မှုအပြည့်ဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဗြိတိန်နံပါတစ်တင်းနစ်ကစားသမား အန်ဒီမာရေးသည် လက်ရှိတွင် ကမ္ဘာ့အဆင့်(၆) နေရာတွင် ရပ်တည်လျက်ရှိပြီး သြစတြေးလျအိုးပင်းအဖွင့်ပွဲစဉ်တွင် အိန္ဒိယတင်းနစ်ကစားသမား ဘမ်ဘရီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းသိရသည်။

ဘမ်ဘရီသည် အသက်(၂၂)နှစ်အရွယ်သာရှိသေးပြီး လက်ရှိတစ်ဦးချင်းအဆင့် (၁၁၄) တွင် ရပ်တည်လျက်ရှိသည်။ ဘမ်ဘရီ၏ တင်းနစ်ကစားသမားဘဝတွင် တစ်ဦးချင်း တင်းနစ်ချန်ပီယံဆု ဆွတ်ခူးထားနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

ထို့ကြောင့် တင်းနစ်အကျော်အမော် အန်ဒီမာရေးအနေဖြင့် ဘမ်ဘရီအား အနိုင်ကစားကာ သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ နောက်တစ်ဆင့်သို့ အလွယ်တကူ တက်လှမ်းနိုင်မည်ဟု ယုံကြည်ထားကြောင်းသိရသည်။

## ဖလားမရဘူးဆိုတာ သမိုင်းမှာမရှိခဲ့ဘူးလို့ဆိုတဲ့ မော်ရင်ဟို



ချယ်လ်ဆီးအသင်းရဲ့ နည်းပြကြီး မော်ရင်ဟိုကတော့ သူ့ရဲ့သမိုင်းမှာ ဖလားမရဘူးဆိုတာ မရှိခဲ့ဘူးလို့ဆိုလိုက်ပါပြီ။ ပြောရင်လည်း ပြောလောက်ပါတယ်။ သူ့ရဲ့နည်းပြဘဝသက်တမ်းတစ်လျှောက်မှာ ဘယ်အသင်းကိုပဲ ကိုင်တွယ်ကိုင်တွယ် ဖလားမရဘူးဆိုတာလည်း အတော်ရှားပါတယ်။ လက်ရှိချယ်လ်ဆီးမှာဆိုရင်လည်း ထိုနည်းတူပါပဲ။

ချယ်လ်ဆီးအသင်းကို ကိုင်တွယ်ခဲ့တဲ့ နည်းပြမော်ရင်ဟိုဟာ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာဆိုရင် ပရီမီယာလိဂ်ရဲ့ စံချိန်တင်ရမှတ် ၉၅ မှတ်နဲ့ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးပေးနိုင်ခဲ့တယ်။ ဒါတင်မကသေးဘူး ချယ်လ်ဆီးအသင်းကို စကိုင်တွယ်တဲ့အဲဒီနှစ်မှာပဲ ကားလင်းဖလား၊ ယခုကက်ပီတယ်ဝမ်းဖလားကိုလည်း ရယူပေးနိုင်ခဲ့တယ်။

၂၀၀၅-၂၀၀၆ ဘောလုံးရာသီမှာလည်း ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သလို သူရဲ့ချယ်လ်ဆီးအသင်းနဲ့လမ်းမခွဲခင်မှာပဲ အက်ဖ်အေဖလားရောကက်ပီတယ်ဝမ်းဖလားကိုပါ ရယူပေးနိုင်ခဲ့ပြီး ၂၀၀၇ ခုနှစ် စက်တင်ဘာလမှာ ချယ်လ်ဆီးအသင်းနဲ့ လမ်းခွဲလိုက်တယ်။

အဲဒီနောက် ၂၀၁၃ ခုနှစ်မှာ ချယ်လ်ဆီးအသင်းကို ပြန်လည်ရောက်ရှိလာခဲ့တယ်။ ဒါပေမယ့် မော်ရင်ဟိုရဲ့ စတမ်းဖို့ဘရစ်ချ်တစ်ကျော့ပြန် ပထမရာသီမှာ ဖလားမရခဲ့ဘူး။ ဒါပေမယ့် ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ် အမှတ်ပေးဇယားတတိယနေရာမှာ ရပ်တည်နိုင်အောင်စွမ်းဆောင်ပေးနိုင်ခဲ့တယ်။

အခု ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာဆိုရင် ဒီယေဂိုကော်စတာ၊ ဖာဘရီဂတ်စ်၊ ဖီလစ်ပီလူးဝစ်စတဲ့ကစားသမားတွေကို ခေါ်ယူအားဖြည့်ခဲ့တယ်။ အဲဒီလိုခေါ်ယူပြီးတဲ့အချိန်မှာ ချယ်လ်ဆီးအသင်းအတွက် အင်အားပိုတောင့်တင်းသွားခဲ့တယ်။ လက်ရှိ ပွဲစဉ်(၂၂) အပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားမှာလည်း ရမှတ် ၅၂ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးက ဦးဆောင်နိုင်ခဲ့တယ်။

ပရီမီယာလိဂ်ပွဲစဉ်(၂၂)အပြီးမှာ နှစ်ပွဲပဲ ရှုံးပွဲရှိတယ်။ ဒါတောင်အဝေးကွင်းမှာ စပါးနဲ့ နယူးကာဆယ်ကို ရှုံးထားတာ။ အိမ်ကွင်းရှုံးပွဲမရှိသေးဘူး။ အိမ်ကွင်းရှုံးပွဲမရှိစံချိန်ကိုလည်း ဆက်ထိန်းထားနိုင်ခဲ့တယ်။ အဲဒါဟာလည်း အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဒီယေဂိုကော်စတာကို ခေါ်လိုက်တာဟာ ချယ်လ်ဆီးနည်းပြမော်ရင်ဟိုရဲ့ မှန်ကန်တဲ့ရွေးချယ်မှုလို့ပြောရင်ရတယ်။

ဘာလို့လဲဆိုရင် အခုဘောလုံးရာသီမှ ရောက်လာတယ်ဆိုပေမယ့် အခုစရောက်လာတဲ့နှစ်မှာပဲ ပရီမီယာလိဂ် သွင်းဂိုး ၁၇ ဂိုးအထိသွင်းထားပြီး ပရီမီယာလိဂ်မှာ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်နဲ့ ရပ်တည်နေတယ်။ ပရီမီယာလိဂ် ၂၂ ပွဲကစားပြီးချိန်မှာ သွင်းဂိုး ၁၇ ဂိုး၊ ဖန်တီးပေးမှုနှစ်ကြိမ် လုပ်ထားနိုင်ခဲ့တယ်။

မော်ရင်ဟိုအနေနဲ့ အခုဘောလုံးရာသီမှာ ပရီမီယာလိဂ်ဖလားကို အရယူဖို့ ပစ်မှတ်ထားနေသလို တိုက်စစ်မှူး ဒီယေဂိုကော်စတာကလည်း သူ့ရဲ့ ချယ်လ်ဆီးအသင်း ပထမရာသီမှာ ပရီမီယာလိဂ်ဖလား ယူမယ်ဆိုပြီး ကြုံးဝါးထားတယ်။ ကော်စတာရဲ့ ခံယူချက်က ပရီမီယာလိဂ်ဖလားရတာကို ရွှေဖိနပ်ဆုရတာထက် ပိုတန်ဖိုးထားတယ်လို့တောင် ပြောထားတယ်။ ရွှေဖိနပ်ဆု မရရင်နေပါစေ ပရီမီယာလိဂ်ဖလားကိုတော့ အရယူမယ်ဆိုပြီး ခံယူထားတယ်။ လက်ရှိတော့ ကော်စတာအနေနဲ့ ဂိုးသွင်းအများဆုံးအဖြစ် ရပ်တည်နေသလို ချယ်လ်ဆီးကလည်း အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နေတယ်။

ဒါကြောင့် မော်ရင်ဟိုနဲ့ ကော်စတာတို့က ပရီမီယာလိဂ်ဖလားကို အရယူမယ်ဆိုပြီး လူသိရှင်ကြား ထုတ်ဖော် ပြောကြားထားတာ။ ဒါပေမယ့် ရာသီကုန်မှာ မော်ရင်ဟိုပြောထားတဲ့ ပရီမီယာလိဂ်ဖလားအရယူမယ်ဆိုတဲ့ခံယူချက် အကောင်အထည်ဖော်နိုင်မလားဆိုတာကတော့ စောင့်ကြည့်ရပါဦးမည်။

**(ငွေကြယ်)**

## ဘောလုံးလောကသတင်းတိုများ

- ပရီမီယာလိဂ်ကလပ်မန်ယူအသင်းသည် ဒီဂီယာအား ရီးယဲလ်မက်ဒရစ်သို့ ရောင်းချကာ ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး ဂါရတ်ဘေးလ်အား ပေါင်သန်း ၁၀၀ ဖြင့် ခေါ်ယူရန်ရှိနေပြီး ရီးယဲလ်မက်ဒရစ်အသင်းကမူ ဂါရတ်ဘေးလ် မပါဘဲ မန်ယူဂိုးသမားဒီဂီယာအား ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေးကာ ခေါ်ယူရန် အသင့်ရှိနေကြောင်းသိသည်။
- လီဗာပူးအသင်းသည် အသက်(၁၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး အိုရီဂီအား ပြန်လည်ခေါ်ယူနိုင်ခဲ့ပါက အသက် (၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူး ရစ်ကီလမ်းဘတ်အား အသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်ပြီး အိုရီဂီမှာမူ ပြီးခဲ့သည့်နွေရာသီက ခေါ်ယူကာ လိုင်လီအသင်းသို့ အငှားပြန်လည်ချထားခဲ့သည့် ကစားသမားဖြစ်သည်။
- ခရစ္စတယ်ပဲလေ့အသင်းသည်အသက်(၂၅)နှစ်အရွယ်ရှိ ဆွမ်ဆီးဘယ်နောက်ခံလူ နေးလ်တေလာနှင့် အသက်(၂၆)နှစ်အရွယ်ရှိဘလက်ဘန်း တိုက်စစ်မှူး ဂတ်စတီဒီတို့နှစ်ဦးအား ပေါင်ကိုးသန်းဖြင့် ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။
- ရီးယဲလ်ဆိုစီဒက်နည်းပြ ဒေးဗစ်မိုယက်သည် အာဆင်နယ်တိုက်စစ်မှူး ဂျိုးကမ်းဘဲလ်အား အငှားခေါ်ယူစာချုပ်ရေးနှင့် ပတ်သက်၍ အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးထံမှ အဖြေကို စောင့်ဆိုင်းနေရကြောင်း သိရသည်။
- မန်ယူအသင်းသည် ဒေါ့မွန်အသင်းနောက်တန်းကစားသမား မက်ဟမ်မဲလ်နှင့် ရိုမားကွင်းလယ်ကစားသမား စထရုမန်းတို့နှစ်ဦးအား ခေါ်ယူရန် လာမည့်နွေရာသီအပြောင်းအရွှေ့အထိ ထပ်မံစောင့်ဦးမည်ဖြစ်ကြောင်းသိရသည်။
- ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာသည် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီအား ဘာစီလိုနာအသင်းတွင် ဆက်ကစားစေလိုသော ၎င်း၏ဆန္ဒကိုဖုန်းဖြင့် လျှို့ဝှက်ပြောကြားခဲ့ကြောင်း သိရသည်။

## နယူးကာဆယ်အသင်းအား နည်းပြသစ်မကြာမီခန့်အပ်ရန် ကာဗာတောင်းဆို



နည်းပြအလန်ပါဂျူးနေရာတွင် အစားထိုးနိုင်မည့် နည်းပြသစ်အမြန်ဆုံး ခန့်အပ်ရန် နယူးကာဆယ်အသင်းမန်နေဂျာ ကာဗာက တောင်းဆိုလိုက်ကြောင်းသိရသည်။

နယူးကာဆယ်အသင်းနည်းပြ အလန်ပါဂျူးသည် ဇန်နဝါရီ ၃ ရက်တွင် ခရစ္စတယ်ပဲလေ့အသင်းသို့ ပြောင်းရွှေ့သွားခဲ့ချိန်မှ စတင်ကာ နယူးကာဆယ်အသင်းသည် လေးပွဲဆက်တိုက်ရှုံးပွဲကြုံခဲ့ရသည်။

ထို့ပြင် အသက်(၅၀)အရွယ် ရှိ ကာဗာသည် နယူးကာဆယ်အသင်း၏ အမြဲတမ်းနည်းပြအဖြစ် တာဝန်ယူလိုသော်လည်း ၎င်း၏ နယူးကာဆယ် နည်းပြအနာဂတ်နှင့် ပတ်သက်၍ ဆွေးနွေးမှု မပြုလုပ်ရသေးကြောင်း ပြောကြားခဲ့သည်။

ကာဗာသည် ၂၀၁၁ ခုနှစ်မှစတင်ကာ နည်းပြအလန်ပါဂျူး၏ လက်ထောက်နည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး နည်းပြအမြန်ဆုံး မခန့်အပ်နိုင်ခဲ့ပါက နယူးကာဆယ်အသင်း၏ ရလဒ်သည် ဆိုးရွားသွားလိမ့်မည်ဖြစ်ကြောင်း ကာဗာက ပြောကြားခဲ့သည်။

လက်ရှိတွင်လည်း နယူးကာဆယ်အသင်းသည် ဆောက်သမ်တန်အသင်းအား ရှုံးနိမ့်ခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ်(၂၂) အပြီးတွင် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၁၁)တွင် ရပ်တည်လျက်ရှိသည်။ **(အလင်းသစ်)**

## စီးရီးအေ အမှတ်ပေးဇယား ဦးဆောင်နိုင်မည့်အခွင့်အရေး ရိုးမားလွဲချော်



ရိုးမားအသင်းသည် အီတလီစီးရီးအေပွဲစဉ်(၁၉)အဖြစ် ပါလာမိုအသင်းနှင့် ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပြီး အီတလီစီးရီးအေ အမှတ်ပေးဇယားကို ဦးဆောင်နိုင်မည့် အခွင့်အရေးနှင့် လွဲခဲ့ရသည်။

ယင်းပွဲစဉ်တွင် ရိုးမားအသင်းသည် အိမ်ရှင်ပါလာမိုအသင်း၏ ဦးဆောင်ဂိုးသွင်းယူမှုကို ပထမပိုင်းပွဲကစားချိန် (၂)မိနစ်မှာပင် ခွင့်ပြုပေးလိုက်ရပြီး ဒုတိယပိုင်း ၅၄ မိနစ်ရောက်မှသာ ဒက်စထရိုသွင်းဂိုးဖြင့် ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။ ရိုးမားအသင်းသည် ၂၀၀၁ ခုနှစ်မှ စတင်ကာ အီတလီစီးရီးအေဖလားနှင့် လွဲခဲ့ရသည့် အသင်းဖြစ်သောကြောင့် ယခုနှစ်ဘောလုံးရာသီတွင် အီတလီစီးရီးအေဖလားရယူနိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။

ရိုးမားအသင်းသည် ပါလာမိုအသင်းအား အနိုင်ရရှိခဲ့ပါက ရမှတ် ၄၃ မှတ်ရရှိမည်ဖြစ်သော်လည်း လက်ရှိတွင်မူ ပါလာမိုအသင်းကို တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ခြင်းကြောင့် အမှတ်ပေးဇယားဒုတိယနေရာ၌ပင် ဆက်လက်ရပ်တည်နေပြီး အမှတ်ပေးဇယားထိပ်က ဂျူဗင်တပ်အသင်းအနေဖြင့် ဗီရိုနာအသင်းကို အနိုင်ကစားနိုင်ခဲ့ပါက ရိုးမားအသင်းကို ငါးမှတ်ဖြတ်ကာ ထိပ်ဆုံးမှ ရပ်တည်နိုင်မည်ဖြစ်သည်။

# ဟင်္သာတသားဂီတစာဆို

wifDOPG&;wuúdf

လူသားသည် ဂီတနှင့်မကင်း သီချင်းသံကြားလျှင် အနည်းဆုံးခေါင်းက ငြိမ့်ငြိမ့်၊ ခြေတဆတ်ဆတ်၊ စည်းဝါးတော့ လိုက်တတ်ကြသည်။ ဂီတသည် လက်ခုပ်တီးခြင်းကစသည်ဟု လေ့လာမှတ်တမ်းပြုကြသည်။

ဂီတကို အခြေခံ၍ သီချင်းအဖြစ် ဖန်တီးသူပညာရှင်များကို တေးရေးဆရာ၊ တေးပြုဆရာ၊ ဂီတစာဆို စသည်ဖြင့် တင်စားခေါ်ဝေါ်ကြသည်။ မြန်မာတို့သည် ဂီတအရာတွင် ကျွမ်းကျင်နှံ့စပ်ကြကုန်၏။ ကိုယ်ပိုင်ဟန် ကိုယ်ပိုင်အသံတို့ဖြင့် ကိုယ်ပိုင်ဂီတတီထွင်ရင်း တေးသီချင်းတို့ကို ဖန်တီးခဲ့ကြသည်မှာ ယနေ့မှမဟုတ် ဟိုယခင် ရှေးအဆက်ဆက်ကတည်းက တေးသီချင်းဖန်တီးရှင်တို့သည် ယခုလည်းရှိသည်။ ဂီတနယ်ပယ်သည် ကျယ်ဝန်းနက်ရှိုင်း ရှည်လျားလွန်းသည်ဖြစ်ရာ အုတ်တစ်ချပ်၊ သဲတစ်ပွင့်၊ မြန်မာ့ဂီတလောကမြင့်စေဖို့ဖန်တီးကြသည့် ဂီတပညာရှင်ပေါင်းများစွာအနက်မှ တေးရေးဆရာတစ်ဦးအကြောင်း တင်ပြလိုပါသည်။

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ၌ မိဘများနှင့်အတူ ဟင်္သာတမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာ ဖခင်ဖြစ်သူသည် ဂီတပညာရှင် ပတ္တလား၊ တယော၊ ဘင်ဂျို တူရိယာများ တတ်ကျွမ်းသည့်အတွက် ဟင်္သာတတွင် တယောဝိုင်းတည်ထောင်ခဲ့သည်။ ခေတ်ဟောင်းအဆိုတော်ကြီး ဟင်္သာတသူ ဒေါ်စိန်ပါတီငယ်စဉ်က မစံဘဝဖြင့် ဖခင်၏တီးဝိုင်းတွင် ပါဝင်သီဆိုခဲ့ဖူးသည်။

ဆရာသည် ငယ်စဉ်က ဟင်္သာတမြို့ အထက(၁)တွင် ပညာသင်ယူခဲ့ပြီး ကဗျာကို လွန်စွာရူးသွပ်သူဖြစ်သည့်အတွက် ၁၉၅၆ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ဟင်္သာတမြို့တွင် နေထိုင်စဉ်အတွင်း ကျောင်းနံရံကပ်စာစောင် တာဝန်ခံ၊ ထို့ပြင် "ဟင်္သာတမောင်မြင့်ငွေ"ကလောင်အမည်ဖြင့် ဟင်္သာတမြို့မှ ထုတ်ဝေသည့် မဂ္ဂဇင်း၊ သတင်းစာများနှင့် စာစောင်များတွင်လည်းကောင်း၊ မြန်မာပြည်အနှံ့ဖြန့်ချိသည် ရန်ကုန်မြို့ထုတ်သွေးသောက် သင့်ဘဝ၊ ချိုတေးသံနှင့် ရုပ်ရှင်စာစောင်များတွင် လည်းကောင်း ကဗျာများရေးသားခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ရန်ကုန်သို့ ရောက်ရှိပြီး ဂီတလောကတွင် စတင်အခြေချသည်။ လက်ဦးဆရာများမှာ ညောင်တုန်းသား စန္ဒာရားချိုတေးဆက် ဦးအောင်ကိုးနှင့် ဂီတစာဆို ကိုလေးလွင်၊ မြန်မာ့အသံတွင် "ပုရစ်ဖူး" တေးအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူရင်း၊ ကာလပေါ် ခေတ်ပြားသီချင်းပေါင်းများစွာ ရေးသားခဲ့ရာ သီချင်းတိုင်းထင်ပေါ်ကျော်ကြားပြီး လူကြိုက်များလေသည်။ ရေဒီယိုသီချင်းများ များပြားလှသည့်အတွက် အားလုံးကို ဆရာမမှတ်မိတော့ပါ။ ဆရာ၏ တေးလက်ရာများကို အဆိုတော်တစ်ဦးလျှင် သီချင်းတစ်ပုဒ်နှင့်အထက် သီဆိုကြ သူတေးသံရှင်အများစုရှိသည်။ လက်လှမ်းမီသမျှ အဆိုတော်တစ်ဦးလျှင် တစ်ပုဒ်ကျဖြင့် ဖော်ပြရ သည်ရှိသော်- နိုင်ငံကျော် အဆိုတော်ကြီး ဒေါ်မေလှမြိုင် သီဆိုထားသည့် "မေတ္တာ

တက္ကသိုလ်ဇော်မင်းမင်း၏ "ရွှေလှေခါးနှင့် တက်ခဲ့ပါ"၊ စိမ်းမို့မို့၏ "ငပလီသောင်ယံကမ်းစပ်မှာ"၊ တက္ကသိုလ်ချိုလတ်၏ "ချစ်အလွမ်းလေးများပန်းယို့ချွေ"၊ တင်ဦးလေးများ၏ "ချစ်ရာသီ လေးကုန်မှာစိုးတယ်"၊ ညွန့်ညွန့်စိန်၏ "ရွက်ကြွေတောမှာ ပန်းရှာထွက်ခြင်း"၊ ဝင်းသိန်း ကေဂျာနူးတို့၏ "ကမ္ဘာဆယ်သိန်းမက ချစ်နေမယ်"၊ ငွေငွေမြင့်၏ "ပုပ္ပားဖူးစာ"၊ သန်းမြတ်စိုး၏ "မလိခအသည်းဖြူမလေး"၊ သန်းသန်းဆင့်၏ "အငြိမ့်မင်းသမီးလေး၏စာ"၊ ထား၏ "မောင်ဆင်ခြင်"၊ ဒဂိုး၏ "လူဆိုးတွေနဲ့ မောင်တိုင်ပင်"၊ အောင်ဟိန်း၏ "ခြေတစ်လှမ်းကုဋေတစ်သန်း"၊ ပုရစ်ဖူးတေးအဖွဲ့၏ Group Sound များဖြစ်သော "အာစရိယ ပူဇော်ပွဲ၊ တရားသောစစ်နှင့် အမုန်းတရားကိုခွာ"။

တစ်ဖန်ဆက် စတီရီယိုတေးစီးရီးပေါင်းများစွာ ရေးသားခဲ့ပြီး တိုင်းပြုပြည်ပြု နိုင်ငံ့ဂုဏ်ဆောင်တေးများဖြစ်သော အမျိုးသားအားကစားပွဲတော်၊ ကျောင်းသားအားကစားပွဲတော်၊ လှေသဘင်ပွဲတော်၊ တေးများဆက်လက်ရေးဖွဲ့ပြန်ရာ အထူးပင် အောင်မြင်ကျော်ကြားခဲ့ပြန်သည်။ ရေဒီယိုတေးများကဲ့သို့ပင် အမျိုးသားရေးတေးများမှာလည်း များပြားလွန်းလှသဖြင့် ဆရာအသေးစိတ် မမှတ်မိတော့ပါ။ သာဓကအားဖြင့် လက်လှမ်းမီတမျှ အချို့ကို ဖော်ပြရလျှင် Group Sound များဖြစ်သော "သွေးချင်းတို့ရေနှုတ်ဆက်သည်။ ငြိမ်းချမ်းရေးအရသာ၊ သာကီမျိုးဟော့တို့မြန်မာ၊ လွမ်းနေဦးမည့်မောင်းမကန်၊ ဘီးလူးချောင်းက ရေစီးသံ၊ ပြည်ထောင်စုဝန်ကြီး အဝေးကမြင်နိုင်သည်၊ ချစ်စရာ့မြန်မာပြည်၊ ရာသက်ပန်ပြည်ထောင်-စု. . . စသည်၊ စသည်"။

ခွန်အားပြည့်တောင်ပံများ(ရတနာဦး)၊ ပန်းတိုင်းပွင့်ပြီမြန်မာပြည်(မီမီဝင်းဖေ)၊ ပကတိလှသည့်မြန်မာပြည် (ပိုးဒါလီသိန်းတန်)၊ မေတ္တာအတိနှင့်မြန်မာပြည်(ကော်နီ)၊ တောင်ဇလပ်ပန်းများပွင့်ရာမြေ၊ လှလိုက်တဲ့တက်ကုန်ဖွင့်(ဆုန်သန်းပါရ်)၊ လက်နက်နဲ့ ငြိမ်းချမ်းရေး (ခင်မောင်ထူး)၊ ပန်းတိုင်းပွင့်ပြီ (ယုဇန)၊ ချောင်းသာကမ်းခြေ (ချမ်းချမ်း)။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်ကြီး ကြိုဆိုလှုံ့ဆော်ရေးတေးအဖြစ် ဆရာ၏ သားသမီးများဖြစ်ကြသော တေးသံရှင် ဖြိုးကြီးနှင့်ယုဇနတို့ သီဆိုထားသည့် "နေ့သစ်များရဲ့မြန်မာပြည်"၊ ဆီးဂိမ်းပိတ်ပွဲသီချင်းအဖြစ် ယုဇနသီဆိုထားသည့် "ရင်းနှီးချစ်ကြည်နှုတ်ဆက်သည်"။

၁၉၉၂ ခုနှစ်က ကျင်းပခဲ့သော ပထမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီး၏ ဖွင့်ပွဲသီချင်း

> ကဗျာနှင့်သီချင်းသည် အနီးစပ်ဆုံး ဆက်နွယ်နေ၏။ ဆရာသည် ကဗျာဆရာပီပီ အချစ်သီချင်းများ ရေးဖွဲ့ရာတွင် စကားလုံးများသည် နုရွလှပနေပြီး တစ်ဖန် နိုင်ငံ့အကျိုးပြုတေးများ ရေးဖွဲ့ရာတွင်လည်း ခံ့ထည်နေပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ကွင်းကွင်းကွက်ကွက် ရှင်းရှင်းလင်းလင်း ပေါ်လွင်အောင် စပ်ဆိုနိုင်ပြန်သည်။

အင်ကြင်းရုံ"၊ အကယ်ဒမီ မြင့်မြင့်ခင်၏ "နှောင်းအင်းလေး"၊ အကယ်ဒမီ ဝင်းဦး၏ "ပြည်ထောင်စုအမွေ"၊ တင်တင်မြ၏ "အမုန်းမရှိတဲ့အသည်း"၊ မာမာအေး၏ "ချစ်တိုင်းညားရပါစေဘုရား"၊ ဟင်္သာတထွန်းရင်၏ "ဝင်္ကဘာအသည်း"၊ အကယ်ဒမီချိုပြုံး၏ "မျက်ရည်တောက သောကငှက်"၊ ဇော်ဝမ်းရဲ့ "အချစ်ရေ"၊ မိုးမင်းဝင်း၏ "အချစ်ချောင်းလေးခြားမှာစိုးတယ်"၊ စိုးစန္ဒာထွန်း၏ "အောင်ပန်းဆင်ခဲ့ချစ်ပွဲတစ်ရာ"၊ မြို့မကြည်ကြည်အေး၏ "လောကကြီးကို ခါးစောင်းတင်မယ့်လူစား"၊

အဖြင့် "အာရှမြန်မာ"၊ ပိတ်ပွဲသီချင်းအဖြစ် "သွေးချင်းတို့ရေ နှုတ်ဆက်သည်"၊ "အောင်ပွဲခံ အလံတင်သီချင်း Victory Song"၊ ထူးခြားသည်မှာ ထိုစဉ်က တေးသီချင်းက ရေးသားကြရန် ဖိတ်ခေါ်ပြီး ပြိုင်ပွဲအသွင် ကျင်းပခဲ့သည့်အတွက် ဆရာသည် ဖော်ပြပါ သီချင်းသုံးပုဒ်ဖြင့် ပထမဆု သုံးဆုဆရာတစ်ဦးတည်း ရရှိခဲ့သည်။

၁၉၉၃ ခုနှစ်တွင် "အာရှမြန်မာ" သီချင်းအောင်မြင်မှုအတွက် "နတ်ရေကန်ရွှေစောင်းဆု" ရရှိခဲ့ရာ ဂုဏ် ပြုဆုကို ဆရာကြီးဦးခုခ၊ ကာယဗလ



ဦးဇော်ဝိတ်တို့နှင့်အတူ ဆုကို လက်ခံရယူခဲ့ရသည်။

လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် "မြေကြီးက ရွှေသီးနှံ" သီချင်းရေးသားခဲ့ရာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ၂-၃-၂၀၁၄ ရက်နေ့တွင် နေပြည်တော်၌ ထိုသီချင်းအတွက် ဂုဏ်ပြုဆုချီးမြှင့်ခဲ့သလို "အာရှမြန်မာ" ဂန္ထဝင်သီချင်းအောင်မြင်စွာ ရေးစပ်နိုင်ခဲ့မှုအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုယ်စား အားကစားဝန်ကြီး ဦးတင့်ဆန်းက (၄-၄-၂၀၁၄) ရက်နေ့တွင် နေပြည်တော်၌ ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ပြန်သည်။

ဘာသာသာသနာအကျိုးအတွက် စာရေးဆရာကြီး ဒဂုန်ဦးထွန်းမြင့်၏ (၃၈)ဖြာ မင်္ဂလာကဗျာများနှင့် ဆရာတော် အရှင်ဆန္ဒိမက (ရွှေပါရိတောရ) အနက်ဖွင့်ထားသည့် ဂုဏ်တော်ကိုးပါးတို့ကို ဓမ္မတေးများအဖြစ် ရေးစပ်ပူဇော်ပြန်ရာ ရဟန်းရှင်လူများ သာခုခေါ်ကြပြန်သည်။

ဆရာ၏ အနုပညာသက်တမ်း (၅၂)နှစ်တာကာလအတွင်း ရေးစပ်ခဲ့ပြီးဖြစ်သော မြန်မာ့အသံရေဒီယိုတေး၊ စတီရီယိုတေး၊ ဓမ္မပူဇော်တေး၊ အမျိုးသားရေးတေးနှင့် နိုင်ငံ့ဂုဏ်ဆောင်တေးများကား ပုဒ်ရေ ၁၅၀၀ နှင့် အထက်မှာရှိသည်။ ဆေးကောင်းတော့တစ်စက်၊ လက်ရာကောင်းတော့တစ်ချက်ဟု ဆိုချင်သည်။ ဆရာသည် သီဆိုသူ၏ အသံအနေအထား၊ အဆွဲအငင် (အာ)နှင့် အထာကို သိသည့်အတွက် သီဆိုသူနှင့် လိုက်ဖက်အောင် တေးသီချင်းများ ရေးတတ်လှသည်။ ဆရာ၏ လက်ရာပြောင်မြောက်မှုဖြင့် သီချင်းတစ်ပုဒ်တည်းနှင့် လျှမ်းလျှမ်းတောက်နာမည်ကျော်သွားသော အဆိုတော်အများအပြားရှိသည်။ သာဓကအဖြစ် "ကျမ မေတ္တာအလျော်ပြန်ပေး" သီချင်းဖြင့် မြို့မကြည်ကြည်အေး၊ "အချစ်ချောင်းလေးခြားမှာစိုးတယ်"သီချင်းဖြင့် မိုးမင်းဝင်း၊ "ရွှေလှေကားဖြင့်တက်ခဲ့ပါ"သီချင်းဖြင့် တက္ကသိုလ်ဇော်မင်းမင်း၊ "ငပလီသောင်ယံကမ်းစပ်မှာ" သီချင်းဖြင့် စိမ်းမို့မို့၊ "ချစ်အလွမ်း ကလေးများ ပန်းချွေ" သီချင်းဖြင့် တက္ကသိုလ်ချိုလတ် "လူဆိုးတွေနဲ့ မောင်တိုင်ပင်" သီချင်းဖြင့် ဒဂိုး "ခြေတစ်လှမ်းကုဋေတစ်သန်း" သီချင်းဖြင့် အောင်ဟိန်း။

ကဗျာနှင့်သီချင်းသည် အနီးစပ်ဆုံး ဆက်နွယ်နေ၏။ ဆရာသည် ကဗျာဆရာပီပီ အချစ်သီချင်းများ ရေးဖွဲ့ရာတွင် စကားလုံးများသည် နုရွလှပနေပြီး ပရိသတ်နားထဲ စွဲထင်အောင် ရေးနိုင်စွမ်းရှိသည်။ တစ်ဖန် နိုင်ငံ့အကျိုးပြုတေးများ ရေးဖွဲ့ရာတွင်လည်း ခံ့ထည်နေပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ကွင်းကွင်းကွက်ကွက် ရှင်းရှင်းလင်းလင်းပေါ်လွင်အောင် စပ်ဆိုနိုင်ပြန်သည်။ သီချင်းအများစုတွင် အဓိပ္ပာယ်ပြည့်ဝသော နဘေထပ်များ ကို သုံးလေ့ရှိ၏။ လက်ရှိမြန်မာ့အသံကာလပေါ်တေးသီချင်း စိစစ်ရေးဘုတ်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေဆဲ၊ ဂီတချစ်ပရိသတ်အနေဖြင့် တိုင်းပြည်နှင့်လူမျိုးအတွက် ဂီတဖြင့် မည်မျှအကျိုးဆောင်ခဲ့ကြောင်း၊ ဖော်ပြပါအချက်များဖြင့် သိနိုင်မည်ထင်ပါသည်။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၉-၁-၂၀၁၅ (တနင်္လာနေ့)

- ၅း၀၀ ပဌာန်းပါဠိတော်+ ရတနသုတ်
- ၈း၀၀ Cartoon Series (English Playgorund)
- ၈း၃၅ ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ
- ၈း၅၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၈၄)
- ၉း၃၅ အနုပညာမိုးကောင်းကင်
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၀း၄၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၁း၅၅ သွားမယ် စားမယ် (ရွှေမင်္ဂလာစားသောက်ဆိုင်)
- ၁၁း၂၀ Forever Music Tribute Bossa (အပိုင်း-၃) (ဒုတိယပိုင်း)
- ၁၁း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၅၉)
- ၂း၂၀ မြန်မာ့ရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၉)
- ၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းတစ်ပွင့်ရဲ့ ဒဏ္ဍာရီ" (အပိုင်း-၁၁၆)
- ၅း၀၀ Deal or No Deal
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၁၁၇)
- ၇း၁၅ မြန်မာ့ရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၁၀)
- ၈း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၈၅)
- ၉း၀၀ The Chef
- ၉း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၆၀)
- ၄း၅၀ ဆင်းရဲနွမ်းပါးမှုကင်းဝေးဖို့ သစ်မွေးစိုက်ကြစို့

## မြဝတီရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၉-၁-၂၀၁၅ (တနင်္လာနေ့)

- ၆း၀၃ တရားတော်
- ၆း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
- ၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၂၅ သင့်အတွက်တစ်နေ့တာ
- ၈း၁၀ ရှေးဟောင်းသုတ
- ၉း၁၀ သူနှင့်သူ၏သီချင်းများ
- ၄း၃၀ ရင်မှာစွဲလန်းတော်ဝင်ပန်း
- ၄း၃၅ ဇာတ်လမ်းတို
- ၅း၀၅ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကြမ္မာခါးခါး (အပိုင်း-၂၈)
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂန္ထဝင်အချစ်နဲ့ တော်ဝင်စည်တော် (အပိုင်း-၄၈) - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် - မေးမြန်းစူးစမ်း ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဘဝအားမာန် (အပိုင်း-၄၁)

## Entertainment Channel

၁၉-၁-၂၀၁၅ (တနင်္လာနေ့)

- ၆း၀၀ အဖွင့် - လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၈)
- ၆း၂၅ ဝတ်မှုံတေးဂီတအဖွဲ့ဖျော်ဖြေစခန်း (အပိုင်း-၂)
- ၆း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲက တေးကဗျာ(အပိုင်း-၁၃)
- ၇း၁၀ ဝတ်စားဆင်ယင်မှု
- ၇း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ ကြေးမုံသွင်(အပိုင်း-၂၅)
- ၈း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ ကြေးမုံသွင်(အပိုင်း-၂၆)
- ၉း၀၀ တေးဂီတအစီအစဉ်(စတီရီယို)
- ၉း၂၀ ပြည်သူ့နီတိ "လမ်းပြကြယ်"
- ၉း၄၅ China in Myanmar Cultural Show
- ၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "တဒင်္ဂ" (လူမင်း၊ မို့မို့မြင့်အောင်၊ မေသက်ခိုင်) (ဒါရိုက်တာ-စိုးကျော်ဆန်း)

**တစ်နေ့(၆)နာရီစာ(၄)ကြိမ် ပြသပါမည်။**

mitv

**MYANMAR INTERNATIONAL**
**Programme in Brief**
**(19-1-2015) (Monday)**

-Traditional Handicrafts from the Golden Land
-World News
-Sticky Shan Snack
- History And Mystery Behind The Caves
- Chef Life "Kyi Soe"
-Myanmar Railways City Circular Train
- "Young Talent" Animator
-In The Studio
-Today Myanmar "Myanmar Quality Gold"v
- Made in Myanmar "Mixxo"
-Art Students; Their Dream
-A stir about of Rainbows
-Cosplayer
-Aesthetic Chinlone

# ကမ္ဘာတစ်ပတ်ပျံသန်းပြမည့် ဆိုလာငှက်

**à 0DDusmjfifocsim)**

လေယာဉ်တစ်စင်း ငှက်ကြီးတစ်ကောင်ကို လောင်စာဆီတစ်ဝက်မသုံးပဲ ကမ္ဘာတစ်ပတ် ပျံသန်းပြပါတော့မည်။

၈-၁၂-၂၀၁၄ နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားသည့် "ခာတ်ပုံပြိုင်ပွဲတစ်ရပ်နှင့်အတူ ပုဂံမြို့ပေါ်မှာ လှပစွာ ပျံသန်းပြမည့် နေစွမ်းအင်သုံးလေယာဉ်"ဆောင်းပါး၌ လောင်စာဆီမသုံး၊ လေထုညစ်ညမ်းမှုမဖြစ်စေဘဲ၊ ကမ္ဘာတစ်ပတ်ပျံသန်းမှုအပါအဝင်၊ ကမ္ဘာ့လေကြောင်းသမိုင်း၏ စာမျက်နှာအသစ်ကို ထုဆစ်ပုံဖော်ရင်း အဆိုပါလေယာဉ်သည် စွမ်းအင်ချွေတာရေးပြန်လည် ပြည့်ဖြိုးစွမ်းအင်ထုတ်လုပ်ရေးအတွက် Clean Technology ၏ ကြီးမားသော စွမ်းပကားကို ပြသတော့မည်ဖြစ်သည်။ မဟာစိန်ခေါ်မှုကြီးတစ်ရပ်ကို ကျော်လွှားကာ တီထွင်ထုတ်လုပ်လိုက်သော ဆိုလာစွမ်းအင်ဖြင့် နေ့ရောညပါ ပျံသန်းနိုင်မည့် အဆိုပါယာဉ်သည် ၂၀၁၅ ခုနှစ်အစောပိုင်း မြန်မာနိုင်ငံသို့ ရောက်ရှိကာ. . . . .။

> မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ပုဂံမြို့ပေါ် ကြော့ကြော့မော့မော့ လှလှပပ ပျံသန်းပြမည်ဖြစ်သည့်အပြင် ကျောင်းသားလူငယ်နှင့် အများပြည်သူ. . . . .

၂၀၁၅ မတ်လတွင် နေစွမ်းအင်သုံး လေယာဉ် Solar impulse(၂) ကမ္ဘာပတ် ပျံသန်းသည့်အခါ မြန်မာနိုင်ငံ မန္တလေးမြို့တွင် ဝင်ရောက်ရပ်နားမည်ဆိုသည့် သတင်းမတိုင်မီ ၂၀၁၄ စက်တင်ဘာလတွင် သမ္မတဦးသိန်းစိန်၏ ဆွစ်ဇာလန်နိုင်ငံသို့ တရားဝင်အလည်အပတ်ရောက်ရှိသော ခရီးစဉ်တွင် မီဒီယာများက ဖော်ပြခဲ့ကြပြီးဖြစ်ပါသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် စီမံကိန်းတည်ရှိရာ ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့ ပိုင်ယန်းလေတပ်စခန်းသို့ ရောက်ရှိပြီး နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်တီထွင်ထုတ်လုပ်မှု၊ စတင်ပျံသန်းမှုများနှင့် စပ်လျဉ်း၍ လေ့လာခဲ့ကြသည်။

**နေစွမ်းအင်လေယာဉ်အစ** Solar Impulse (၁)

၂၀၁၅ မတ်လတွင် ကမ္ဘာတစ်ခွင်ခရီးနှင်မည့် ဆိုလာငှက်ကြီးကား Solar Impulse (၂) ဖြစ်ပါသည်။ ၎င်း၏ နောင်တော် Solar Impulse (၁)ရှိပါသေးသည်။ S-I(၂)က ငါးရက်တိုင်တိုင် မရပ်မနား ပျံသန်းနိုင် သောခေတ်အမီဆုံး၊ စွမ်းအားအမြင့်ဆုံးယာဉ်၊ သူ့နောင်တော် S.I(၁)ကတော့ အကြာဆုံး ၂၆ နာရီပျံသန်းနိုင်ပါသည်။ S.I (၁)၏ မှတ်တမ်းအကျဉ်းမှာ-

- လေယာဉ်အလေးချိန် ၃၅၀၀ပေါင်၊ (ကားလတ်တစ်စီးမျှသာလေးသည်။)
- လေယာဉ်တောင်ပံအဖြန့်အကျယ် ၂၀၈ပေ။
- တောင်ပံနှစ်ဖက်ပေါ်တွင် ဆိုလာဆဲလ်ချပ်ရေပေါင်း ၁၂၀၀၀ တပ်ဆင်ထားပြီး ၎င်းတို့က လစ်သီယမ် ဘက်ထရီအိုးများကို စွမ်းအင်ဖြည့်တင်းသည်။
- နေ့ရောညပါ ပျံသန်းနိုင်သည်။
- တိမ်တိုက်တွေကို ရှောင်ရပါမည်။
- အမြင့်ပေ ၃၀၀၀၀ ကို တက်နိုင်စွမ်းသည်။
- ၂၀၁၃ မေလ ၃ ရက်၊ အမေရိကန်ပြည်ထောင်စုအပေါ် ဖြတ်သန်းခြင်းသည် S.I(၁)၏ နောက်ဆုံးခရီးစဉ်ဖြစ်သည်။

"၂၀ ရာစု မဟာလေကြောင်း တီထွင်မှုတိုင်းဟာ အမေရိကန်ကမ်းခြေနှစ်ခုကို တစ်ဖက်မှ တစ်ဖက်သို့ ပျံသန်းပြဖို့ ကြိုးစားခဲ့ကြပါတယ်"။

လေယာဉ်တီထွင်သူ ဆွစ်ဇာလန်နိုင်ငံသားနှစ်ဦးအနက် တစ်ဦးဖြစ်သူ Bertrand Pic card က ပြောပါတယ်။သူသည် စိတ်ရောဂါ အထူးကုဆရာဝန်ကြီးတစ်ဦးဖြစ်သလို ကမ္ဘာတစ်ဝန်းမီးပုံးပျံဖြင့် မရပ်မနား ပထမဆုံး ပျံသန်းခဲ့သော လေကြောင်းသူရဲကောင်းလည်းဖြစ်ပါတယ်။

နောက်တစ်ဦးမှာ Andre Barshberg သူက အင်ဂျင်နီယာ၊ ဝါရင့်တိုက်လေယာဉ်၊ ရဟတ်ယာဉ်မှူးကြီး S.I(၁)၏ ဖခင်ကြီးနှစ်ဦးလုံး၊ အမေရိကန်ခရီးစဉ်တွင် လိုက်ပါမောင်းနှင်ခဲ့ကြပါသည်။

S.I(၁) ၏ မဟာခရီးစဉ်ကြီး ၂၀၁၃ မေ ၃ ရက်၊ဝေလီဝေလင်း၌ ကယ်လီဖိုးနီးယားမြောက်ပိုင်းမှ စခဲ့ပြီး ၂၀၁၃ ဇူလိုင် ပထမပတ်မှာ နယူးယောက်စီးတီးတွင် အဆုံးသတ်ပျံသန်းခဲ့ပါသည်။

"ကျွန်တော်တို့ လေယာဉ်ကတော့ ခရီးသည်တစ်ယောက်မှ မတင်ခဲ့ပါဘူး။ ဒါပေမယ့် သတင်းစကားတွေတော့ အများကြီးပါပါတယ်"။ ဒေါက်တာ ပီကတ်က မကြာခဏ ပြောလေ့ရှိပါသည်။

"Clean Technology တွေကို အတွေးအမြင်သစ်ဖော်ဆောင်မှု စွန့်ဦးတီထွင်များဖြင့် ရယူနိုင်စွမ်းရှိတယ်ဆိုတဲ့ သတင်းစကားပါပဲဗျာ"။

**ဆိုလာငှက်ကြီး** S.I (၂)

S.I(၁) အဆုံးသတ်ပြီးတော့ S.I(၂) လာပါပြီ။ S.I(၂)လေယာဉ်သည် ၂၀၁၅ မတ်လတွင် စတင်ပျံသန်းမည်ဟု သိရပြီး ခရီးစဉ်အစမှာ ပင်လယ်ကွေ့ဒေသဖြစ်ကာ ခရီးစဉ်အဆုံးမှာ ဥရောပတောင်ပိုင်းဖြစ်သည်။ ပျံသန်းရာလမ်းတစ်လျှောက်တွင် အာရေဗျပင်လယ်၊ အိန္ဒိယ၊ မြန်မာ၊ တရုတ်၊ ပစိဖိတ်သမုဒ္ဒရာ၊ အမေရိကန်ပြည်ထောင်စုနှင့်အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သန်းသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံရှေးဟောင်းယဉ်ကျေးမှုနယ်မြေပုဂံမြို့ပေါ်ကြော့ကြော့မော့မော့ လှလှပပ ပျံသန်းပြမည်ဖြစ်သည့်အပြင် ကျောင်းသားလူငယ်နှင့်အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် တံတားဦးလေဆိပ်တွင် ညအိပ်ရပ်နားကာ သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်သွားမည်ဟု အဆိုပါ သတင်းဆောင်းပါးတွင် ဆက်လက်ဖော်ပြထားပါသည်။

၂၀ ရာစုလေကြောင်းသမိုင်းတွင် ရိုက်ညီအစ်ကို နှစ်ယောက်က ကမ္ဘာ့ဆွဲငင်အားကို ဆန့်ကျင်၍ လူသားလုပ် ငှက်ရုပ်ကြီးများကို တီထွင်အောင်မြင်ခဲ့ကြသလို၊ ယနေ့ကမ္ဘာကြီးပူနွေးမှုမြင့်တက်လာခြင်းကို ရပ်တန့်ဆွဲချဖို့ သန့်ရှင်းစွမ်းအင်ရရှိရေး Clean Technology သမိုင်းတွင်လည်း ဆွစ်တာလန်နိုင်ငံသားကြီး နှစ်ဦးက ရုပ်ကြွင်းလောင်စာဆီ တစ်စက်မျှမသုံးဘဲ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာငှက်ကြီးများ S.I(၁) နှင့် S.I(၂) တို့ကို စွန့်ဦးတီထွင်အောင်မြင်ခဲ့ကြပါပြီ။

"One Can achieve The impossible"

"မဖြစ်နိုင်တာတွေ ဖြစ်ခဲ့ပြီပဲ. . . လို့" အစချီတဲ့ဒေါက်တာပီကတ်၏ စိတ်ခွန်အားမြှင့်မိန့်ခွန်းများကို နားထောင်ရင်း ဆိုလာငှက်ကြီး S.I(၂)အား မျက်ဝါးထင်ထင်မြင်တွေ့ရမည့် ၂၀၁၅ နှစ်ဦးမင်္ဂလာပွဲကြီးကို ကြိုဆိုလိုက်ကြောင်းပါဗျာ။











**အဏ္ဏဝါအောင်မြင့်မော်**

ရေးသားပြုစုသော အံ့ဖွယ်ထူးခြားဗေဒင်ပညာစွယ်စုံကျမ်း၊ ထူးခြားဆန်းပြားသော မဟာဘုတ် ဗေဒင်ကျမ်း၊ ပြည်သူ့အသည်းစွဲ လက္ခဏာဗေဒင်ကျမ်းစာအုပ်များကို ပန်းဆိုးတန်းလမ်းရှိ စာအုပ်ဆိုင်ကြီးများတွင် ရောင်းချပေးနေပါပြီ။

ဖုန်း ၀၉-၄၂၀၃၁၂၃၂၀၊ ၀၉-၂၅၄၅၄၃၅၆၁

**မြေကေ(၁၅၀)ရောင်းမည်**

တိုက်ကြီးမြို့နယ်၊ ခရိုင်ချင်းဆက်လမ်းဘေး

Ph: 09-8603143, 09-790139699






# ၂၀၁၄ ခုနှစ်အတွင်းနိုင်ငံကူးလက်မှတ် ၁၂၀၀၀ ကျော် မော်လမြိုင်တွင် ထုတ်ပေးနိုင်ခဲ့

**မော်လမြိုင်၊ ဇန်နဝါရီ ၁၈**

နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ခွင့်သည် နိုင်ငံသားအားလုံး၏ မူလအခွင့်ရေးဖြစ်သည်နှင့်အညီ နိုင်ငံသားအားလုံး မြန်မာနိုင်ငံကူးလက်မှတ် လွယ်ကူလျင်မြန်စွာ ကိုင်ဆောင်နိုင်ရန်အတွက် မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ စတင်၍ ရုံးခွဲဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထိ အမျိုးသား ၆၈၄၈ ဦးနှင့် အမျိုးသမီး ၅၆၇၆ ဦး စုစုပေါင်း ၁၂၅၂၄ ဦးကို နိုင်ငံကူးလက်မှတ် ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"အများစုကတော့ ဘုရားဖူးဖို့ဆိုပြီး လာရောက်လုပ်ကြတာများတယ်။ ဆေးဝါးကုသဖို့ဆိုရင် အမြန်ဆုံးဆောင်ရွက်ပေးပြီး လျှောက်ထားသူကိုယ်တိုင်လာရောက်မှ ဆောင်ရွက်လို့ရတဲ့အတွက် မသွားလာနိုင်တဲ့ ဝေဒနာရှင်တွေကို အိမ်တိုင်ရာရောက် လိုက်လံဆောင်ရွက်ပေးပါတယ်။ တစ်နေ့ပျမ်းမျှ ၂၀ နှင့် ၄၀ ကြား လာရောက်လုပ်ဆောင်လျက်ရှိပါတယ်" ဟု နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတာဝန်ခံ ရဲအုပ်မောင်မောင်လင်းက ပြောသည်။

အလည်အပတ်သွားမည့်သူများ၊ ပညာသင်ကြားရေးအတွက်သွားမည့်သူများ၊ စီးပွားရေးလုပ်ကိုင်မည့်သူများ၊ သင်္ဘောသားအဖြစ်သွားရောက်မည့်သူများ၊ ဆေးကုသမည့်သူများနှင့် မှီခိုအဖြစ်သွားရောက်မည့်သူအားလုံးကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပြီး ကုန်ကျစရိတ်မှာ မြန်မာ့စီးပွားရေးဘဏ်သို့သွင်းရန် (မနလစာအုပ်ဖိုး) ၁၉၀၀၀ ကျပ်၊ Online ဝန်ဆောင်ခ ၁၀၀၀ ကျပ်၊ ဓာတ်ပုံဖိုး ၂၀၀၀ ကျပ်၊ ဆေးဖိုး၊ မင်နှင့် ပြုပြင်ထိန်းသိမ်းခ ၁၀၀၀ ကျပ်၊ လျှောက်လွှာပုံစံဖိုး ၂၀၀ ကျပ်၊ စက်ပစ္စည်းဝန်ဆောင်ခ ၁၈၀၀ ကျပ်၊ စုစုပေါင်း ၂၅၀၀၀ ကျပ် ကုန်ကျကြောင်း သိရသည်။

**ဆက်နေမင်းအောင်**

# ပျောက်ဆုံးမီတာယူနစ်များ လျော့နည်းမှုမရှိစေရန် ကွင်းဆင်းစစ်ဆေး

**မော်လူး၊ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသည့် မီတာယူနစ်များ ပျောက်ဆုံးမှုလျော့နည်းစေရန် ဇန်နဝါရီ ၁၅ နံနက် ၉ နာရီက မြို့နယ်လျှပ်စစ်မှူးများနှင့် ဝန်ထမ်းများ ပူးတွဲကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာသို့ ဗန်းမောက်မြို့နယ် လျှပ်စစ်မှူး ဦးမောင်တိုးနှင့်အဖွဲ့၊ မော်လူးမြို့နယ်လျှပ်စစ်မှူး ဦးမောင်မောင်ငြိမ်းနှင့် ပူးပေါင်းအဖွဲ့တို့သည် အိမ်သုံး၊ စက်မှုသုံး၊ တစ်လုံးတစ်ခဲတည်းသုံး မီတာများကို တိုင်းလျှပ်စစ်ညွှန်ကြားချက်ဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် မော်လူးလျှပ်စစ်ဌာနမှ ဗန်းမောက်မြို့နယ်ရှိ လျှပ်စစ်မီတာများကိုလည်းကောင်း၊ ဗန်းမောက်မြို့လျှပ်စစ်ဌာနမှ မော်လူးဒေသရှိ လျှပ်စစ်မီတာများကိုလည်းကောင်း မြို့နယ်လျှပ်စစ်ဌာနမှ တာဝန်ရှိသူများသည် တစ်မြို့နယ်မှ တစ်မြို့နယ်သို့ အပြန်အလှန်သွားရောက်ကာ လျှပ်စစ်ဓာတ်အား မီတာယူနစ်များ ပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် စစ်ဆေးဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း သိရသည်။



မော်လူးဒေသတွင် အိမ်သုံးမီတာ အလုံးရေ ၄၉၀၀၊ စက်မှုလုပ်ငန်းသုံးမီတာ ၄၃ လုံး၊ တစ်လုံးတစ်ခဲတည်းသုံး မီတာ ၁၇ လုံးရှိကြောင်း မြို့နယ်လျှပ်စစ်ဌာနမှ သိရသည်။

**(၆၈၅)**

# အထက်မြန်မာပြည်သူများအတွက် မန္တလေးမြို့ နတ်ရေကန်ငါးလုပ်ငန်းစခန်းတွင် မြန်မာနိုင်ငံငါးလုပ်ငန်းဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲပြုလုပ်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး နတ်ရေကန်ငါးလုပ်ငန်းစခန်းတွင် မြန်မာနိုင်ငံငါးလုပ်ငန်းဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲကို အထက်မြန်မာနိုင်ငံပြည်သူများအတွက် ဇန်နဝါရီ ၂၃ ရက်မှ ၂၅ အထိ သုံးရက်တိုင်တိုင် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ ငါးကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို အများပြည်သူသိရှိစေရန်၊ စားနပ်ရိက္ခာဖူလုံကြွယ်ဝပေါများစေပြီး ဘေးကင်းလုံခြုံစေရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော ငါးလုပ်ငန်းအသွင်ဖြင့် မြန်မာနိုင်ငံအတွင်းရှိ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်၊ မိရိုးဖလာရေလုပ်ငန်းနှင့် ရေထွက်ပစ္စည်းထုတ်လုပ်မှုတို့ ထိန်းသိမ်းတတ်စေရန်၊ မြန်မာ့ရှားပါးငါးမျိုးစိတ်များ ဖော်ထုတ်ရရှိလာစေရန်၊ တိုင်းရင်းငါးမျိုးများ ထိန်းသိမ်းရေး ကျယ်ပြန့်စွာဆောင်ရွက်သွားနိုင်ရန်၊ တန်ဖိုးမြင့်ကုန်ထွက်ပစ္စည်းထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်လာစေရန်၊ သဘာဝရေသယံဇာတများအား ထိန်းသိမ်းမြတ်နိုးလာတတ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပပြီး ငါးမျိုးစိတ်ပေါင်း ၃၃ မျိုး (အရှင်)၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် အသုံးပြုနေကြသည့် မိရိုးဖလာငါးဖမ်းလုပ်ငန်း (SME)၊ ရေထွက်ပစ္စည်းများ၊ ဝေလငါးအရိုးစုပြကွက်နှင့် အလှမွေးငါးပြိုင်ပွဲထည့်သွင်းပြုလုပ်သွားမည် ဖြစ်ကြောင်းသိရသည်။

ယင်းအပြင် မွေးမြူရေးပညာပေးပြခန်းများ၊ မွေးမြူရေးဆိုင်ရာသရုပ်ပြခန်းများ၊ အရောင်းပြခန်းများနှင့် အရောင်းဆိုင်များအပြင် မွေးမြူရေးဆိုင်ရာပြခန်းများတွင် ဆိတ်၊ နွား၊ ဝက်များကိုလည်း ပြသသွားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

တိုင်းရင်းရှားပါးငါးမျိုးစိတ်များပြိုင်ပွဲ၊ ဖိရိုးဖလာငါးဖမ်းကိရိယာပြိုင်ပွဲ၊ ကဏန်းလုပ်ငန်းရှင်များ ပြခန်းများအပါအဝင် ပြခန်းများကို ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များမှလည်း လာရောက်ပြသမည်ဖြစ်ကြောင်း သိရသည်။

"ပြပွဲမှာပြသမည့် ငါးအမျိုးအစားတွေကတော့ ရေချိုငါးမျိုးတွေပဲပြသသွားဖို့ရှိပါတယ်။ အရှင်ပြမရတဲ့ငါးတွေကို (မပုပ်မသိုးအောင်) ဖော်ပလင်စိမ်ထားတဲ့ ငါးအသေများနဲ့ ပြသသွားမှာဖြစ်ပြီး ရန်ကုန်မြို့ တိုင်းရင်းသားကျေးရွာတွင်လည်း ပြီးခဲ့တဲ့ ၃ ရက်က ပြပွဲလုပ်ခဲ့တယ်" ဟု ဦးအေးထွန်းကပြောသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လမ်းတံတား၊ သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သန့်ဇင်ဝင်း**

GL
SiES
TOURISM RUNNING COMMENTARY
KO NYAN
SEVEN
SILICON TECHNOLOGIES MYANMAR LIMITED
Interior Design

အမြန်ငှားမည်
လှိုင်မြို့နယ်၊ အေးရိပ်မွန်၊ စကားဝါလမ်း၊
ပေ(80x 100 )RC ၂ထပ်
4MB, Ph,A/C, ALL ပါကေး၊ ရေမီးစုံ
Ph: 09-795500532 , 09-254191304
(ရုံးချိန်အတွင်း)

## စည်းကမ်းမဲ့အမှိုက်များကြောင့် သံလွင်မြစ်ကမ်း၏ အလှအပများ ရုပ်ဆိုးစေနိုင်

**မော်လမြိုင်၊ ဇန်နဝါရီ ၁၈**

မော်လမြိုင်မြို့ရှိ လူစည်းကားရာအချက်အချာကျသည့် နေရာတစ်ခုဖြစ်သော သံလွင်မြစ်ကမ်းပါးဘေးတစ်လျှောက်တွင် စွန့်ပစ်အမှိုက်များကို စည်းကမ်းမဲ့စွာ စွန့်ပစ်ထားကြကြောင်းသိရသည်။

အဆိုပါ စွန့်ပစ်အမှိုက်များကြောင့် မြစ်ကမ်း၏အလှအပများကိုလည်း ရုပ်ဆိုးအကျည်းတန်စေသည့်အပြင် ခရီးသွားများနှင့် စိတ်အပန်းဖြေအနားယူနေကြသူများအား စိတ်အနှောင့်အယှက်ကင်းဝေးစေရန် စွန့်ပစ်အမှိုက်များကို စနစ်တကျ စည်းကမ်းရှိစွာ အလွယ်တကူစွန့်ပစ်နိုင်ရန် အမှိုက်ပုံးများကို ထင်သာမြင်သာရှိသော နေရာအနှံ့အပြားတွင် ထားရှိပေးသင့်ကြောင်း၊ စွန့်ပစ်အမှိုက်များကိုလည်း သတိပေးစည်းကမ်းချက်၊ လမ်းညွှန်ချက်များနှင့်အညီ စွန့်ပစ်စေရန် သက်ဆိုင်ရာတာဝန်ရှိသူများမှ လှုပ်ရှားတက်ကြွသူများနှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ဒေသခံများက အကြံပြုပြောဆိုကြသည်။

အဆိုပါသံလွင်မြစ်ကမ်းဘေးနေရာ လမ်းတစ်လျှောက်လုံးတွင် နေ့စဉ် နိုင်ငံခြားခရီးသွားများ၊ ပြည်တွင်းခရီးသွားများနှင့် ဒေသခံများမှာ မြစ်ကမ်း၏သဘာဝရှုခင်းအလှအပများကို လေ့လာမှတ်တမ်းရိုက်ယူနေကြသည့်အပြင် နံနက်ခင်း နေထွက်ချိန်နှင့် ညနေခင်း နေဝင်ချိန် ဆည်းဆာအလှအပများအား ကြည့်ရှု၍ လမ်းလျှောက်သူ၊ အပန်းဖြေသူများဖြင့် စည်ကားနေကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**



**နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျေးရွာကျေးရွာအုပ်စု ကျောင်းရွာအမှတ် (၂၁)မူလတန်းလွန်ကျောင်း၌ ဇန်နဝါရီ ၁၇ ရက်က ပညာရေးစုံညီပွဲတော်ကျင်းပစဉ်။ (ကိုထက်)**

## ကျောက်ခင်းခြင်းလုပ်ငန်း မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်လုပ်အားပေး

**နတ်တလင်း၊ ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဇီးပင်ကွေ့ကျေးရွာနှင့် စကျံုကျေးရွာသို့သွားသော ကျေးရွာချင်းဆက်လမ်းကောင်းမွန်ရေးအတွက် ကိုယ့်အားကိုယ်ကိုး မြေနီကျောက်များခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၄ ရက်က တာပွန်နယ်မြေ မီးသတ်စခန်းမှ စခန်းခွဲတာဝန်ခံနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့က စုပေါင်း၍လုပ်အားဒါနပေးခဲ့ကြသည်။ မီးသတ်တပ်ဖွဲ့ဝင်များအား ဇီးပင်ကွေ့ကျောင်းဆရာတော်ကကုသိုလ်ကောင်းမှုအကြောင်း ဟောပြောပေးခဲ့သည်။ **(ဝ၇၁)**

# တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထူးမိုးပွင့်စီမံချက်ကို ၂၀၁၅ ဇန်နဝါရီလမှ ဇွန်လအထိ ဆောင်ရွက်ပေးမည်

**ဘားအံ၊ ဇန်နဝါရီ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ကျေးရွာပေါင်း ၈၇ ရွာကို စုရပ်ပေါင်း ၁၃ နေရာဖြင့် NRC အဖွဲ့နှင့် ဘားအံမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများကို အထူးမိုးပွင့်စီမံချက်အနေဖြင့် ၂၀၁၅ ဇန်နဝါရီမှ ဇွန်လအထိ ၆ လတာကာလဖြင့် အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမပြုလုပ်ရသေးဘဲ ကျန်ရှိနေသည့် ကရင်ပြည်နယ်အတွင်းရှိ နိုင်ငံသားများကို နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိစေရန် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ NRC အဖွဲ့တို့၏ ပံ့ပိုးကူညီမှုဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

"ကျွန်တော်တို့ပြည်သူတွေကို နိုင်ငံတကာရဲ့ပံ့ပိုးကူညီမှုနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကို နိုင်ငံသားတွေအကုန်လုံး ကိုင်ဆောင်ခွင့်ရဖို့ အခမဲ့ဆောင်ရွက်ပေးနေတာကို ဝမ်းပန်းတသာနဲ့ ကြိုဆိုနေပါတယ်။ ဒါကို တချို့လဝကဝန်ထမ်းတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေက ပုံစံ ၁၀ ပဲဖြစ်ဖြစ်၊ မှတ်ပုံတင်ပဲလုပ်လုပ် မသိနားမလည်တဲ့ပြည်သူတွေကို ငွေကြေးတောင်းခံမှုတွေရှိနေလို့ ဘယ်ကိုပဲတိုင်တိုင် ဘယ်သူကမှ ထိထိရောက်ရောက် အရေးမယူဘူး။ ဒါကြောင့်မို့ နိုင်ငံတကာရဲ့စေတနာ၊ နိုင်ငံတော်ရဲ့စေတနာတွေကို အလွဲသုံးစားလုပ်နေသူတွေကိုတော့ ထိထိရောက်ရောက် အရေးယူဖို့လိုအပ်ပါတယ်" ဟုငွေတောင်းခြင်းခံခဲ့ရဖူးသူ ဘားအံမြို့နယ် လှကာကျေးရွာအုပ်စုမှ ကျေးရွာသားတစ်ဦးက သုံးသပ်ပြောသည်။

အိမ်ထောင်စုစာရင်းများ လျှောက်ထားရာတွင် အိမ်ထောင်ဦးစီး၏လျှောက်လွှာ၊ နောက်ဆုံးနေထိုင်ခဲ့သောမြို့နယ်မှ ထုတ်ပေးသည့် ပြောင်းရွှေ့ပုံစံ ၁၀၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ လူဦးရေတိုးခြင်းအတွက် လက်ခံမည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် အိမ်ထောင်ဦးစီး၏ သဘောတူညီချက်၊ မွေးဖွားသူအမည်စာရင်းတိုးခြင်းအတွက် မွေးဖွားကြောင်းပုံစံထွေ ၁ (က) သို့မဟုတ် မွေးစာရင်းတို့ပါရမည်ဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်မည်ဆိုလျှင် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ ၆၆/၆ (အိမ်ထောင်စုစာရင်း)၊ ဖြည့်စွက်ပြီးသော ရွှေ့ပြောင်းလျှောက်လွှာ၊ အသက်အတွက် ကျောင်းထောက်ခံချက် သို့မဟုတ် မွေးစာရင်း၊ မိဘနှစ်ပါး ကိုင်ဆောင်ထားခဲ့သောအထောက်အထားလက်မှတ်၊ သွေးစစ်လက်မှတ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ (၇) (၀. ၈ × ၀. ၈) လက်မအရွယ် ဓာတ်ပုံ ၄ ပုံ (မျက်မှန်မပါ) တို့ ပြင်ဆင်ဆောင်ရွက်ထားရမည်ဟု သိရသည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိုးပွင့်အဆင့်(၁) မှ အဆင့်(၇) ထိ ဆောင်ရွက်ပေးပြီးဖြစ်ရာ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၄၀၆၂၇၇၃၊ အိမ်ထောင်စုဦးရေစာရင်းပေါင်း ၆၄၂၅၅၃ ကို ပြုလုပ်ပေးပြီးဖြစ်ကြောင်း ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ သိရသည်။

ကရင်ပြည်နယ်အတွင်း မိုးပွင့်အဆင့်(၁) မှ (၇) ထိ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၅၂၂၈ ထုတ်ပေးနိုင်ခဲ့ကာ အိမ်ထောင်စုလူဦးရေစာရင်း ၁၂၇၅၂ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း ကရင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးမှထုတ်ပြန်သော သတင်းများအရ သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းပြုလုပ်ရာတွင်ငွေကြေး တောင်းခံမှုများရှိပါက ပြည်နယ်၊ ခရိုင်၊ မြို့နယ်လဝကရုံးဖုန်းနံပါတ်များသို့ ဆက်သွယ်အသိပေးတိုင်ကြားနိုင်ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**









# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း သပိတ်ကျင်းတွင် ကွင်းဆင်းဆောင်ရွက်

**သပိတ်ကျင်း၊ ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်အတွင်းရှိ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ရွှေသတ္တုတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများ၏ ဖက်စပ်လုပ်ငန်းများအပါအဝင် တကောင်းနီကယ်စီမံကိန်းစက်ရုံများသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုတွင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ သပိတ်ကျင်းမြို့နယ်အတွင်းရှိ ရွှေကုမ္ပဏီ ၁၆ ခုနှင့် တကောင်းနီကယ်စီမံကိန်းစက်ရုံများသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ကွင်းဆင်းစစ်ဆေးရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆွေးနွေးဆောင်ရွက်ခဲ့သည်။

တကောင်းနီကယ်စီမံကိန်း စက်ရုံ၊ ရွှေဝါတောင်ကုမ္ပဏီ၊ FUTURE ကုမ္ပဏီ၊ ထာဝရကုမ္ပဏီများမှ ရွှေထုတ်လုပ်ပြီး ထွက်ရှိလာသည့် ရေနမူနာများ၊ ပြည်သူလူထု သုံးစွဲသောက်သုံးလျက်ရှိသည့် သောက်သုံးရေကန်နှင့်မြေအောက် တွင်း၊ ရေထွက်(စိမ့်/စမ်း)ရေ နမူနာတို့အား မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ အစစ်ဆေးခံယူရန် ပို့ဆောင်ကြောင်း သိရသည်။

ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက သပိတ်ကျင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမတွင် ရွှေကုမ္ပဏီမှ လုပ်ငန်းရှင်များအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များ၊ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေနှင့် နည်းဥပဒေများကို အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များက ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲကျင်းပမည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၈**

စတုတ္ထအကြိမ်မြောက် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲကို မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း (MFPEA)မှ ကြီးမှူး၍ ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ တပ်မတော်ခန်းမတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မြန်မာနိုင်ငံမှထုတ်လုပ်သည့် စားသောက်ကုန်များအား တစုတဝေးတည်းပြသသွားရန်၊ လုပ်ငန်းများအချင်းချင်း ချိတ်ဆက် ဈေးကွက်ဖော်ဆောင်နိုင်ရန်၊ ခေတ်မီစားသောက်ကုန်ထုတ်နည်းပညာများ လေ့လာနိုင်ရန် ရည်ရွယ်၍ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ပြသမည့်ကုမ္ပဏီပေါင်း ၇၅ ခု၊ ပြခန်းအရေအတွက် ၁၃၂ ခန်း၊ ဂျုံနှင့်ဆန်ထွက်ပစ္စည်း၊ ကော်ဖီ၊ ယမကာနှင့်ဝိုင်၊ စားဆီအမျိုးမျိုး၊ သွားရည်စာအမျိုးမျိုး၊ လက်ဖက်၊ အချိုရည် စားသောက်ကုန်အမျိုးမျိုးကို ပြသသွားမည်ဖြစ်ပြီး ပြည်သူများ အခမဲ့ဝင်ရောက်လေ့လာနိုင်သည်။

မြန်မာ့စားသောက်ကုန်ပစ္စည်းများကိုလည်း ပြည်ပနိုင်ငံများ စားသောက်ကုန်ပြပွဲများတွင် သွားရောက်ပြသလေ့ရှိကြောင်း (MFPEA) မှ အတွင်းရေးမှူး ဦးအေးဝင်းက ပြောသည်။

"ပြည်တွင်းမှစားသောက်ကုန်များနှင့် ပြည်ပမှ စားသောက်ကုန်များကိုပါ ပြည်သူများလေ့လာနိုင်ရန်အတွက် FDA ခွင့်ပြုချက်ယူပြီးတော့မှ လာရောက်ပြသမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ပြပွဲတွင် ဧည့်သည် တစ်နေ့ကို ၅၀၀၀ ကျော်လေ့လာပြီး သုံးရက်အတွင်း လူ ၁၅၀၀၀ လာရောက်လေ့လာခဲ့တယ်" ဟု ပြောသည်။

မြန်မာနိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းများကိုလည်း ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ အထူးသဖြင့် တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ ခေါက်ဆွဲခြောက်နှင့် အချိုရည်ပုလင်းများ တင်ပို့လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံတို့သို့ မြန်မာပြည်မှ သစ်သီးဝလံနှင့် စားသောက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချရန် စာချုပ်များချုပ်ဆိုပြီးဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြေယာစီမံခန့်ခွဲမှုသင်တန်း (၁/၂၀၁၅) ဖွင့်လှစ်

**ဘီးလင်း၊ ဇန်နဝါရီ ၁၈**

သထုံခရိုင် ဘီးလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော မြေယာစီမံခန့်ခွဲမှုသင်တန်း (၁/၂၀၁၅) ဖွင့်ပွဲကို ဇန်နဝါရီ ၁၆ ရက်နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဇော်လင်းထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် သင်တန်းကို ဆက်လက်ပို့ချရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သထုံခရိုင် မြေစာရင်းဦးစီးမှူး၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ၊ မြေစာရင်းသစ်တော၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများ၊ ဥပဒေအရာရှိနှင့် ဆောက်လုပ်ရေးအင်ဂျင်နီယာတို့က သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဆွေးနွေးပို့ချခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ဘီးလင်းမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်း စုစုပေါင်း ၁၀၈ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သားရေစက်ရုံနှင့် မြေဩဇာလုပ်ငန်းအား စစ်ဆေး

**မြင်းခြံ၊ ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ သားရေစက်ရုံနှင့် မြေဩဇာလုပ်ငန်းများကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက ကွင်းဆင်းစစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် တာဝန်ရှိသူများသည် အမှတ် (၁၅) ရပ်ကွက်ရှိ ဦးသိန်းထိုက်၏ ပန်ရွှေဝါသားရေလုပ်ငန်း၊ ပင်ဖြစ်စွမ်းအားဖြည့် သဘာဝဓာတ်မြေဩဇာလုပ်ငန်းတို့တွင် အသုံးပြုသော ထိန်းချုပ်ဓာတုပစ္စည်းများ သိုလှောင်ထားရှိမှု ၊ ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်လုပ်ကိုင်မှု၊ စာရင်းဇယားများ စနစ်တကျရေးသွင်းထားရှိမှုတို့ကို စစ်ဆေးခဲ့ပြီး ထိန်းချုပ်ဓာတုပစ္စည်းများ တလွဲအသုံးချမှုမရှိစေရေးကို အထူး ဂရုပြုဆောင်



ရွက်ရန် ပြောကြားခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

အထူးဝမ်းမြောက်ဂုဏ်ယူကြောင်း

၁၈-၁-၂၀၁၅ ရက်နေ့တွင် Phyu Zin Group of Companies ၏ Royal Nadi Resort (ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း) အား အောင်မြင်စွာဖွင့်လှစ်ပြီးမြောက်ပါသောကြောင့် Chantha Shwe Myay Company Limited မှ အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း . . .

ဦးနေမျိုးနိုင် - ဒေါ်ဆေးဆေးလတ်
Managing Director
Chantha Shwe Myay Company Limited




SIM CARD
ဝယ်ယူမည့်ဈေးနှုန်းများ
49-150000
73-80000
50-160000
47-180000
Ph:09-73026000,09-5092666

ဖုန်း - 09430751 25

# ခေတ်နဲ့အညီ ပြိုင်တူသွားကြမယ်

**à pblh;0g**

အင်စတီကျူးရှင်းတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ လုပ်တဲ့နေရာမှာ တတ်မြောက်ထားတဲ့ ပညာအတွေ့အကြုံတွေကို အသုံးချမှု မျှဝေမှုနဲ့ခေတ်စနစ်နဲ့အညီ update လုပ်ဖို့လိုအပ်ပါတယ်။ ဒီနေရာမှာ စကားပြောတာက သင်ကြားတတ်မြောက်လိုတဲ့ စိတ်၊ ပတ်ဝန်းကျင်ဖန်တီးပေးမှုနဲ့တခြား စေ့ဆော်မှုတွေရှိမှ ဖြစ်မယ်ဆိုတာကို တွေးမိပါတယ်။ ရှိရင်းစွဲ တတ်မြောက်ပြီးသား ပညာရပ်တွေကို ခေတ်စနစ်နဲ့လျော်ညီတဲ့ အတွေးအခေါ်တွေ ပေါင်းစပ်ဖို့လိုပါတယ်။ ဌာနတိုင်းက ငယ်မွေးခြံပေါက် ဝန်ထမ်းတိုင်းကတော့ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု ပိုကောင်းပိုနေမှာပါ။ အထက်အရာရှိက မိမိလောက်မတတ်၊ မိမိထက် အသက်အားဖြင့်ကြီး ဒီလိုမျိုးတွေ ကြုံကြရကြုံနေရမှာပါ။ ဒါဆိုရင် ဘယ်လို လုပ်ကြမလဲ။

**(၁)သင်ပေးလိုက်ပါ။**

ဒီနေရာမှာ သင်ပေးလိုက်မယ့် မူလဝန်ထမ်းကြီးအနေနဲ့ လူသစ်လူငယ်ကို မိမိသားလို၊ တူလို၊ သမီးလို၊ တူမ၊ ညီမလို သဘောထားနိုင်ဖို့ အရေးကြီးပါတယ်။ လူကငယ်တယ်။ တတ်လည်းမတတ်ဘူး။ အသင်လည်းမခံဘူးဆိုတဲ့ လူငယ်လေးတွေရှိမှာပါ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ရာထူးအားဖြင့် ကြီးကြီးရထားသူတွေဖြစ်တဲ့အတွက် ဂုဏ်မာနဆိုတာရှိကောင်းရှိနေကြပါလိမ့်မယ်။ ဗွေမယူကြဘဲ သင်ကြားပေးကြည့်ပါ။ သင်တဲ့နေရာမှာ ထားရမယ့်စိတ်ကတော့ ငါတို့မရှိတဲ့တနေ့ ဒီနေရာကို သူတို့လက်ထဲထည့်ခဲ့ရမှာ လုပ်မှားကိုင်မှားမရှိအောင်၊ ထက်ထက်မြက်မြက်နဲ့ဦးဆောင်ပြီး ပိုကောင်းတဲ့ လူ့ပတ်ဝန်းကျင်တစ်ခု ထူထောင်နိုင်အောင်ဆိုတဲ့ စိတ်ထားနိုင်ဖို့က အရေးကြီးဆုံးပါ။

**(၂)ပုဂ္ဂိုလ်အစွဲမထားပါနဲ့။**

ပုဂ္ဂိုလ်စွဲထားရင် အောင်မြင်တဲ့ အသိုက်အဝန်းတစ်ခုမဖြစ်နိုင်ပါဘူး။ လူတိုင်းဟာ မိမိစိတ်နဲ့ မိမိပင်လျှင် စိတ်တိုင်းမကျဖြစ်တတ်ပါတယ်။ ဘာလုပ်လုပ် စိတ်တိုင်းကျဘယ်လိုမှ မဖြစ်နိုင်ပါ။ တစ်ဦးတစ်ယောက်ချင်းစီရဲ့ ကောင်းတဲ့ အချက်ကိုဖော်ထုတ်ပြီး မကောင်းတဲ့ မမှန်တဲ့ အချက်ကို မှေးမှိန်သွားအောင် ဂရုစိုက်ပြီးထိန်းကျောင်းသင့်ပါတယ်။ မှားနေတာကို ပိုမှားသွားအောင် ဂျောက်တွန်းတာ၊ အဆင်းကို ဘီးတပ်တာတွေကို အတွေ့အကြုံရှိ လူကြီးသူမတစ်ယောက်အနေနဲ့၊ လုပ်ဖော်ကိုင်ဖက် တစ်ယောက်အနေနဲ့၊ ဘာသာတရားရဲ့ ဆုံးမသွန်သင်မှုနဲ့ ကြီးပြင်းလာသူ တစ်ယောက်အနေနဲ့ ရှောင်ရှားပြီး စိတ်ကောင်းထားဖို့ လိုအပ်ပါတယ်။

**(၃)ခေတ်စနစ်နဲ့ လျော်ညီတဲ့အတွေး အမြင်နဲ့ရှုမြင်တတ်ပါစေ။**

အင်တာနက်လူတိုင်းသုံးနေတဲ့ ခေတ်ကြီးမှာ အင်တာနက်ပေါ်က မိန်းကလေးဆိုတာနဲ့ ဘယ်လိုဘယ်ပုံဆိုပြီး ကောက်ချက်ချတိုင်းတာလို့ မရပါဘူး။ တချို့ အတွေးအခေါ်တွေဟာ ဒီနေ့ခေတ်နဲ့ အံမဝင်တော့တာ တွေ့ရပါတယ်။ ဖုန်းတစ်ချက်ဖွင့်ပြီးလိုချင်တာ ရနိုင်နေတဲ့ ဒီနေ့ခေတ်ကြီးနဲ့ အမီလိုက်နိုင်ဖို့ အတွေးအခေါ်များကအစ ပြုပြင်ပြောင်းလဲဖို့ လိုပါတယ်။ဖုန်းတစ်လုံးရဲ့ တန်ဖိုးကို ရွှေတစ်ကျပ်သား တန်ဖိုးနဲ့ ချိန်ဆတွက်ချက်ရမယ့် ခေတ်မဟုတ်တော့ပါဘူး။ မိမိရဲ့ ကောင်းခြင်း၊ မကောင်းခြင်းစတဲ့အပြုအမူ၊ အပြောအဆို အနေအထိုင်တွေအားလုံးဟာ စက္ကန့်ပိုင်းလေးအတွင်းမှာဘဲ ကမ္ဘာကျော်သွားနိုင်ပါတယ်။ ခေတ်ရဲ့ပြောင်းလဲလာတဲ့ ရေစီးကြောင်းနဲ့ လိုက်ပါစီးမျောခံစားတတ်ပါစေ။

**(၄)ခေတ်ဟောင်းက အတွေ့အကြုံကို ခေတ်သစ်ရဲ့ ဆန်းသစ်မှုနဲ့ ပေါင်းစပ်ပါ။**

အတွေ့အကြုံကို ဝယ်လို့မရဘူးလို့ ဆိုကြလေ့ရှိပါတယ်။ လက်နှိပ်စက်ကို နောကျေအောင် ရိုက်တတ်သူအဖို့ ကွန်ပျူတာ၊ တက်ဘလက်နဲ့လည်း ရင်းနှီးကျွမ်းဝင်ဖို့လိုပါတယ်။ လုပ်ထုံးလုပ်နည်းဆိုတာ သိခဲ့သလို အပြောင်းအလဲဆိုတာကိုလည်း မျက်ခြည်မပြတ်ဖို့လိုပါတယ်။

**(၅)မျှတတဲ့ အတွေးအခေါ်ဖြစ်အောင် လေ့ကျင့်ယူပါ။**

